မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၉၇)

ဒါနဉ္စ တေ မင်္ဂလ မုတ္တမံ

အလှူပေးရခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်လေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၂ တိုက်နှင့် သီလရှင်စာသင်တိုက်နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၇ တိုက်၊ သီလရှင်စာသင်တိုက်ခုနစ်တိုက်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ နေပြည်တော်၌ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းနှင့် ဘိုးဘွားရိပ်သာတစ်ဌာနတို့အတွက် တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ပျဉ်းမနား ရွာကောက်ရပ်ကွက်ရှိ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၌ ကျင်းပရာ စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များ၊ စေတနာရှင်ပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းနှင့် ဘိုးဘွားရိပ်သာတစ်ဌာနတို့အတွက် တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇူလိုင် ၂၈ ရက်)

လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး အလေးထားဖော်ဆောင်နေ သယံဇာတများကို နည်းပညာဖြင့် တီထွင်ကြံဆထုတ်လုပ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်ရာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဖော်ဆောင်လျက်ရှိသည်။ လယ်ယာကဏ္ဍနှင့်အတူ မွေးမြူရေးနှင့် သစ်တောကဏ္ဍများ ဖွံ့ဖြိုးရေးကို တစ်ပြိုင်တည်း ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သယံဇာတများကို ရေရှည်အသုံးချနိုင်ရေး စီမံဆောင်ရွက်ရာတွင် ပညာရှင်များ၏ အခန်းကဏ္ဍနှင့် ကြိုးပမ်းစွမ်းဆောင်မှုသည် အရေးပါလျက်ရှိသည်။ သတင်းနည်းပညာရပ်များ လျင်မြန်စွာ တိုးတက်လျက်ရှိရာ သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်း တစ်ရပ်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် အဓိကသီးနှံများ ပန်းတိုင်အထွက်တိုးရေးအတွက် ခေတ်မီစိုက်ပျိုးနည်းပညာနှင့် မျိုးကောင်း၊ မျိုးသန့်များသုံးစွဲ၍ အထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစုံစိုက်ပျိုးစွမ်းအား မြင့်မားရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ထွက်ရှိလာသည့် သီးနှံများ မပျက်စီးဘဲ တာရှည်ခံ အရည်အသွေးကောင်းမွန်နေစေရေး နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန် တီထွင်ကြံဆကြရမည် ဖြစ်သည်။

သစ်တောကဏ္ဍတွင်လည်း သဘာဝပတ်ဝန်းကျင် တည်တံ့ဖွံ့ဖြိုးရေး ကြိုးပမ်းလျက်ရှိရာ အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းအတွက်သာမက ရာသီဥတုထိန်းသိမ်းရေးအတွက်ပါ အထောက်အကူ ဖြစ်စေသည်။

အလားတူ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေချို၊ ရေငန် ငါးဖမ်း လုပ်ငန်းများအပြင် ငါး၊ ပုစွန်မွေးမြူရေးကိုလည်း တိုးချဲ့လုပ်ကိုင်သွားကြရမည် ဖြစ်သည်။ မျိုးကောင်း၊ မျိုးသန့်များထုတ်လုပ်ရေးနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်သည်။

နိုင်ငံတော်က လယ်ယာ၊ သားငါးနှင့် သစ်တောသယံဇာတများကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသား ပြည်သူများ ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့အကျိုးစီးပွား တိုးတက်ရေး အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် သားဦး သားသားလေးဖွဲ့၏ ရာပြည့်မွေးရက်အထိမ်းအမှတ် အဖြစ် ဖေဖေ ကိုဝင်းအေးမင်း၊ မေမေ မသန္တာဖြိုးအောင်မိသားစုက အလှူငွေကျပ် တစ်သိန်းသုံးသောင်းကို ပြင်သစ်နိုင်ငံသာသနာပြု ဆရာတော်ကျွန်းနံ့သာ အရှင် နန္ဒသိရီထံ ကပ္ပိယကာရကမှ တစ်ဆင့်ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၈-၇-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၄၈)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **ရောဂန္တရကင်းဝေးကြပါစေ**
- ၂၁။ မေးမြန်းစူးစမ်း
- ၂၂။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း -၁၃)

ရောဝတီတိုင်း လေဘေးသင့်မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂၇

ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ဆရာတော်များကြီးမှူး၍ ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒဏ် ခံရသော မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်း အဝေးကို ပုသိမ်မြို့ သာသနာ့ဗိမာန်ဝင်းအတွင်းရှိ တိုင်းသံဃနာယက အဖွဲ့ရုံး၌ ဇူလိုင် ၂၅ရက်က ကျင်းပသည်။

လျှောက်ထားတင်ပြ

အစီအစဉ်အရ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃ နာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက ဩဝါဒ ချီးမြှင့်တော်မူကြပြီး ဧရာဝတီတိုင်း သာသနာ ရေးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော် ဇော်ဦးက ဧရာဝတီတိုင်းအတွင်း ပေးပို့ လှူဒါန်းထားရှိသော လှူဖွယ်ဝတ္ထုငွေ လက်ခံ ရရှိမှု အခြေအနေကို လျှောက်ထားတင်ပြ သည်။ ထို့နောက် ကြွရောက်တော်မူလာ ကြသော ဆရာတော်ကြီးများက လေဘေးသင့် ဒဏ်ခံရသော တိုင်းအတွင်းရှိ မြို့နယ် ခုနစ် မြို့နယ်မှ ဘုန်းတော်ကြီးကျောင်းများသို့ နဝကမ္မဝတ္ထုငွေ ပေးပို့ဆက်ကပ်လှူဒါန်းရေး အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးတော် မူကြပြီး ဂိုဏ်းပေါင်းစုံ တိုင်းသံဃနာယက အဖွဲ့ကိုယ်စား ဧရာဝတီတိုင်း သာသနာ ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော် ဇော်ဦးက သက်ဆိုင်ရာမြို့နယ် သံဃနာယက အဖွဲ့များသို့ နဝကမ္မ ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဧရာဝတီတိုင်းအတွင်း လေဘေးသင့် ဒဏ်ခံရသော မြို့နယ်များသို့ ဒုတိယအကြိမ် လှူဒါန်းမှုမှာ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လ (သာသနတက္ကသိုလ မဟာဓမ္မာ စရိယ၊ M.A) က လှူဒါန်းငွေကျပ်သိန်း ၁၀၀၊ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် မြိတ်နှင့် ပုလောမြို့နယ် သံဃာတော်များက လှူဒါန်း ငွေကျပ် ၅၂၆၀၀၀၀နှင့် အခြားအလှူရှင် များက လှူဒါန်းငွေကျပ် ၁၇၀၄၀၀၀ဖြစ်၍ စုစုပေါင်း ငွေကျပ် ၁၆၉၆၄၀၀၀ဖြစ်ကာ တိုင်းအတွင်းရှိ လေဘေးသင့်ဒဏ်ခံရသော မြို့နယ်ခုနစ်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း များသို့ ဒုတိယအကြိမ်အဖြစ် အချိုးကျ ခွဲဝေ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဦးလှအောင်-ဒေါ်ခင်ခင်မော်တို့အား ရည်စူး၍ အမှတ် (၆၃၅/ဂျီ) ရိုးမရိပ်သာ ပြည်လမ်း ကမာရွတ်မြို့နယ်နေ ဦးကျော်မြင့်-ဒေါ်သိန်းသိန်းနွယ်၊ သား တင်အောင်မြင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံး သံခုတင်တစ်လုံးလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁)ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၀၈ (တနင်္လာနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **ဥပုသ်သည်ငါးဦးတရားတော်** (အပိုင်း-၂) (ဆရာတော် အရှင်ပုညာနန္ဒ)
- ၈:၀၅-၂:၀၅ ဆုံးရှုံးမှုများမှသည် ဘက်စုံ ထူထောင်ရေးလုပ်ငန်းများ ဆီသို့(ဖျာပုံ၊ ဒေးဒရဲ)
- ၈:၂၅-၂:၂၅ MRTV-4 ကျန်းမာရေးကဏ္ဍ (အရိုးအထူးကုဆရာဝန်ကြီး တွဲဖက် ပါမောက္ခဒေါက်တာ ဦးညီညီနှင့် တွေ့ဆုံခြင်း)
- ၉:၁၅-၃:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀-၃:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၃၀-၃:၃၀ Orchard Families(အပိုင်း-၂)
- ၉:၅၅-၃:၅၅ တေးဂီတအစီအစဉ်
- ၁၀:၀၀-၄:၀၀ လှူဒါန်းမှုမှသည် အသောက ဓမ္မဗိမာန်ဆီသို့
- ၁၀:၂၀-၄:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၂၅-၄:၂၅ **သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ မွှင့် ဒါရိုက်တာ ညိုမင်းလွင်
- ၁၀:၄၅-၄:၄၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၅၀-၄:၅၀ လက်နှင့်ပြုလုပ် ပြင်ဦးလွင်အုတ်
- ၁၁:၀၀-၅:၀၀ တေးဂီတအစီအစဉ်
- ၁၁:၀၅-၅:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၅-၅:၁၅ A day with Aye Nan Lin (အေးနန်းလင်းနှင့်တစ်နေ့တာ)
- ၁၁:၃၀-၅:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅-၅:၃၅ အေးမြမှုရဲ့ အနာဂတ်သစ် ခေတ်မီ Service စနစ်
- ၁၁:၅၀-၅:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၅၅-၅:၅၅ သက်ရှည်ကျန်းမာဖို့ သဘာဝ နို့စစ်စစ်ကိုသောက်ကြစို့
- ၁၂:၀၅-၆:၀၅ VJ Choice
- ၁၂:၃၅-၆:၃၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဖူးစာလမ်းဆုံ**
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမှတ်(၂) စက်မှုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုဇုန်နယ်မြေရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၇

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ သွားရောက်၍ ရှေးဦးစွာ မြေထိုးမြေတူးယန္တရားထုတ်လုပ်မှု စက်ရုံစီမံကိန်း၏ သတ္တုပုံသွင်း အလုပ်ရုံ၊ ဂဟေဆက်အလုပ်ရုံ၊ စက်ပစ္စည်းအလုပ်ရုံ၊ စက်တပ်ဆင်ရေးအလုပ်ရုံနှင့် ဆေးမှုတ်အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တပ်ဆင်ပြီးစက်များ တစ်ခုချင်း စမ်းသပ်လည်ပတ်ရေး၊ နည်းပညာလွှဲပြောင်းရယူရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဂရုပြုဆောင်ရွက်ရေး၊ သတ်မှတ်ထားသည့်ကာလအတွင်း ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စက်မှုနယ်မြေအတွင်းရှိ ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ၊ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံ၊ တည်ဆောက်ဆဲစက်မှုသင်တန်းကျောင်းတို့၏ အဆောက်အအုံများ ဆောက်လုပ်နေမှု၊ လမ်းများ ဖောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းများကို သတ်မှတ်ချိန်ထက်စော၍ ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရေးတို့ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

■ ရှေ့ဖုံးမှ

သီလခံယူဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒ စရိယ နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရုဘဒ္ဒန္တကဝိသာရထံမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဘဒ္ဒန္တကဝိသာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီး ဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီး တင်အောင်စန်းနှင့် စစ်ဦးစီး အရာရှိချုပ် (လေ) ဗိုလ်ချုပ်ခင်အောင်မြင့်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါ ဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော် ပျဉ်းမနားခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ACE ကုမ္ပဏီ၊ အေဝမ်းကုမ္ပဏီ၊ ခိုင်သစ္စာရတနာ ကုမ္ပဏီ၊ အေရှုပိုက်တက်ကုမ္ပဏီ၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီ ပရဆေး)၊ ရွှေတောင် ကုမ္ပဏီ၊ လမ်းမတော်မြို့နယ် သန့်ဝန်ဆောင်မှုလုပ်ငန်း၊ ကျော်တိုင်းရင်းဆေးလုပ်ငန်း၊ သမားတော်ဦးလှဌေး-သီရိသုဓမ္မသိင်္ဂီဒေါ်တင်နွယ်ဦး မိသားစု (မှန်ချိုဆေးတိုက်)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်း)၊ ဦးလှမြင့်မိသားစု (ကေသီပန် ဆေးတိုက်)၊ ထက်လင်းဆေးတိုက်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ၊ သွားတိုက် ဆားဘူးနှင့် တိုင်းရင်းဆေးမျိုးစုံတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင်အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ငွေကျပ် ၁၈၀၀၀၀၊ နေပြည်တော်ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၊ နေပြည်တော် ပျဉ်းမနားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ငွေကျပ် ၅၀၀၀၀စီ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၃၀၀၀၀စီ၊ မြို့နယ်ပညာရေးမှူးရုံးက ငွေကျပ် ၅၀၀၀၀၊ မြို့နယ်တရားရုံးက ငွေကျပ် ၃၃၀၀၀၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ငွေကျပ် ၃၀၀၀၀၊ မြန်မာ့ရေနံလုပ်ငန်း ရေနံသိုလှောင်ဖြန့်ဖြူးရေးက ငွေကျပ် ၆၀၀၀၀၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနက ငွေကျပ် ၅၀၀၀၀၊ ပင်မအလုပ်ရုံက ငွေကျပ် ၄၀၀၀၀၊ ကျန်းမာရေးဦးစီးဌာနက ငွေကျပ် ၅၀၀၀၀၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ငွေကျပ် ၃၀၀၀၀၊ ခရိုင်အဆင့် ဌာနဆိုင်ရာများက ငွေကျပ် ၇၅၀၀၀၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ငွေကျပ် ၂၄၂၀၀၀၊ ဂိုးလ်ဒင်း ဖလားဝါးကုမ္ပဏီမှ ငွေကျပ် ၁၅သိန်း၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မ သိင်္ဂီဒေါ်စန်းဝင်း (မြန်မာပြည် သားဟော့ကုမ္ပဏီ)က ငွေကျပ် ၁၀၀၈၀၀၀၊ မက်စ် မြန်မာကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ TZTMကုမ္ပဏီက ငွေကျပ် ခုနစ်သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ သမားတော်ကြီးဦးဘိုကြီး-သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း(ရွှေပဒေသာ ပြည်လုံးချမ်းသာ ဆေးတိုက်)က ငွေကျပ် ၆၇၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး မိသားစု) က ငွေကျပ် ၅၅၅၀၀၀၊ သုဓမ္မမဏိဇောတဓရဦးမောင်မောင်နှင့်ညီများ (ဂရိတ်ဝေါတိုင်းရင်းဆေးတိုက်)၊ ဒေင်ကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ(ရွှေဧည့်သည် ဟိုတယ်)၊ ဧရာရွှေဝါကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီ၊ မိုးကြယ်စင်ကုမ္ပဏီ၊ နောင်တုံကုမ္ပဏီနှင့် ရွှေတောင်ကုမ္ပဏီတို့က ငွေကျပ် ငါးသိန်းစီ၊ မြင့်အောင်မြတ်ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးကုမ္ပဏီ၊ အရဏ်ဦး ကုမ္ပဏီ၊ အက်စ်ပီဒင်ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီနှင့် BOEC ကုမ္ပဏီတို့က ငွေကျပ်သုံးသိန်းစီ၊ သမ္မတသင်္ကန်းတိုက်၊ ဒေါ်လှလှ(လမ်းမတော်မြို့နယ် သန့်ဝန်ဆောင်လုပ်ငန်း)၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ မြန်မာ့အလှ ကုမ္ပဏီ၊ ဒိုင်းမွန်း မာကျူရီကုမ္ပဏီ၊ ဦးငြိမ်း-ဒေါ်အုံးကျင်(အိုကေဆန်ပွဲရုံ)နှင့် ဆန်းမြန်မာကုမ္ပဏီတို့က ငွေကျပ် နှစ်သိန်းစီ၊ ယူနိုက်တက်ဝင်းနား အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၂၀၀၀၀၊ မှန်ချိုဆေးတိုက်က ငွေကျပ် ၁၁၀၀၀၀၊ ထွန်းရွှေဝါဆေးတိုက်၊ ကေသီပန်ဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ နန်းစိန်မုန့်တိုက်၊ ဦးမြင့်အောင် မိသားစု (ဇောတိကဆီစက်)၊ ဆူပါတက်ကုမ္ပဏီနှင့် ဦးဘိုအေး-ဒေါ်မြခင်မာ၊ ပေါင်းလောင်း (၉)လမ်းယာဉ်စက်ပြင်လုပ်ငန်းတို့က ငွေကျပ် တစ်သိန်းစီအပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၄၉၇၀၀၀၀ တို့ကို ပေးအပ် လှူဒါန်းကြရာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းလျှောက်ထား

ယင်းနောက် စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီးတင်အောင်စန်းက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် နေပြည်တော် ပျဉ်းမနား မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်တို့က အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းနှင့် ဘိုးဘွားရိပ်သာတစ်ဌာနတို့အတွက် ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၄၇ အိတ်နှင့် သုံးပြည်၊ ဆီ ၁၆၂ ပိဿာနှင့် ၂၀ ကျပ်သား၊ ပဲ ၂၉၁ ပိဿာနှင့် ၄၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၁၄၅၇ ပိဿာ၊ သွားတိုက်ဆားဘူး ၂၉၂ ဘူး၊ တိုင်းရင်းဆေး ၃၈၉၄ ဘူးနှင့် တိုင်းရင်းဆေးထုပ် ၁၅၈၀ နှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၄၉၇၀၀၀၀ တို့ဖြစ်ကြသည်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ပရိသတ်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်း မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီးဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်တပ်ကုန်း ဆရာစံရပ်ကွက်ရှိ မဟာဇနကစာသင်တိုက် မဟာဇနကဝဏ္ဏဗိမာန်တော်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နေပြည်တော် တပ်ကုန်း မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြို့မ မဟာသီဟနာဒ၊ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏနှင့် မဟာဇနကစာသင်တိုက် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝဏ္ဏရဟ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့်ဇနီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိလုပ်ငန်းများမှ အထွေထွေမန်နေဂျာများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အရာထမ်းများ၊ အမှုထမ်းများနှင့်ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မဟာဇနကစာသင်တိုက်ဆရာတော် ဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဝဏ္ဏရဟထံမှ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာသီဟနာဒ စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှူးပြုသော ပရိသတ်တို့က သာဓုအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

ကိုးဘွဲ့ရ ဝါတွင်း ဓမ္မသဘင်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် ဗိုလ်မှူးဗထူး လမ်းမကြီး အနီးရှိ ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မ ဇောတိကဓဇ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဆရာတော် အရှင် အာစာရ လင်္ကာရသည် ဩဂုတ် ၂ရက်၊ ၃ရက်၊ ၄ရက်၊ ၅ရက်နှင့် ၆ရက်တို့တွင် မန္တလေးမြို့ ဆုတောင်းပြည့် မြတ်စွာဘုရားရင်ပြင်တော်၌ ငါးည ဓမ္မသဘင်၊ ၇ရက်နှင့် ၈ရက် တို့၌ ပြင်ဦးလွင်မြို့ မြို့သစ်ရပ် နှစ်ည ဓမ္မသဘင်၊ ၉ရက်၊ ၁၀ရက်နှင့် ၁၁ရက်တို့တွင် မန္တလေးမြို့ လမ်း၆၀ (၃၄နှင့် ၃၅)လမ်းကြား နဂါးကွက်သစ်ရပ်ကွက် သီလရက္ခိတမ္မောရုံ သုံးညဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဝါတွင်းဝါပ တရားပွဲ ရက်ရရှိပြီးသူများသည် ဆရာတော် ဖုန်း-၀၉-၂၁-၃၀၈၉၅၊ ၀၉-၅၀-၅၅၁၇၆၊ ၀၉-၅၀-၅၅၈၃၈၊ ၀၉-၉၉-၇၀၄၈၆၊ ၀၁-၇၀၈၄၀၃နှင့် ၀၇၂-၂၂၁၇၀တို့သို့ ကြိုတင် ဆက်သွယ်ကြရန်ဖြစ်သည်။

(က-ပ)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၇-၇-၂၀၀၈

ဇမ်ဘီယာနှင့် မိုဇမ်ဘစ်နိုင်ငံတို့ နည်းပညာပူးပေါင်းဆောင်ရွက်

လူဆာကာ ဇူလိုင် ၂၇

ဇမ်ဘီယာနှင့် မိုဇမ်ဘစ်နိုင်ငံတို့သည် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာကို ဇူလိုင် ၂၆ရက်က လူဆာကာမြို့၌ လက်မှတ်ရေးထိုးသည်။ နှစ်နိုင်ငံစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို ၎င်းနိုင်ငံတို့မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးများက ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာ အားကစားပွဲ နော်ဝေ၌ ကျင်းပ

စတော့ဟုမ်း ဇူလိုင် ၂၇

(၃၆)ကြိမ်မြောက် နိုင်ငံတကာ ဖိတ်ခေါ်အားကစားပြိုင်ပွဲကို နော်ဝေနိုင်ငံ အော့စလိုမြို့၌ ဇူလိုင်၂၇ရက်က စတင်ကျင်းပရာ နိုင်ငံပေါင်း ၅၀မှ အသင်းပေါင်း ၁၃၈၆သင်းပါဝင်ယှဉ်ပြိုင်ကြသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီမှ ထုတ်လုပ်သည့် (တယ်လ်စီဒီ)အမျိုးအစား လက်တော့ပ်ကွန်ပျူတာကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယ၌ မိုဘိုင်းလ်ဖုန်းအသုံးပြုသူ များပြားလာ

မွမ်ဘိုင်း ဇူလိုင် ၂၇

၂၀၀၈ခုနှစ် ဇွန်လအတွင်း အိန္ဒိယနိုင်ငံ၌ မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ၈ဒသမ၉၄သန်းကျော် တိုးတက်ခဲ့ရာ စုစုပေါင်း မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ၂၈၆ဒသမ ၈၆သန်း ရှိလာပြီဖြစ်ကြောင်း အိန္ဒိယဆက်သွယ်ရေးအာဏာပိုင်အဖွဲ့က ဇူလိုင် ၂၆ရက်၌ သတင်းထုတ်ပြန်သည်။

ရေနံဈေးနှုန်း လျှော့ကျလာ

နယူးယောက် ဇူလိုင် ၂၇

ရေနံထုတ်လုပ်ရောင်းချသည့် နိုင်ငံများအဖွဲ့ (အိုပက်)မှ ရေနံတိုးမြှင့်ထုတ်လုပ်မှုကြောင့် ရေနံတစ်စည်လျှင်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၂၄ဒေါ်လာအောက်သို့ လျှော့ကျလာခဲ့ကြောင်း၊ နယူးယောက်ရေနံဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၂၃ဒသမ ၂၆ဒေါ်လာ ပေါက်ဈေးရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။

စစ်ဘက်ဆိုင်ရာအတွက် ပြင်သစ်ဂျက်တု ချီလီဝယ်ယူမည်

ဆန်တယာဂို ဇူလိုင် ၂၇

စစ်ဘက်ဆိုင်ရာထောက်လှမ်းရေးလုပ်ငန်းများနှင့်စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုရန် ပြင်သစ်နိုင်ငံမှ ဂြိုဟ်တုကို အမေရိကန်ဒေါ်လာ ၇၂သန်းဖြင့် ဝယ်ယူမည်ဖြစ်သည်။ အဆိုပါဂြိုဟ်တုကို ၂၀၁၀ပြည့်နှစ်အရောက်တွင် လွှတ်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း ချီလီစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်အရှေ့ပိုင်း၌ ယာဉ်ငါးစီး ဆင့်ကဲတိုက်မှု ဖြစ်ပွား

ဖူကျို့ ဇူလိုင် ၂၇

တရုတ်နိုင်ငံ အရှေ့ပိုင်း ဖူကျို့ပြည်နယ်အဝေးပြေးလမ်းမကြီးပေါ်တွင် ဇူလိုင် ၂၆ရက် ညစနာရီခန့်က ယာဉ်ငါးစီး ဆင့်ကဲတိုက်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ကုန်ပစ္စည်း မတန်တဆ တင်ဆောင်လာသော ကုန်တင်ကားက အရှိန်မထိန်းနိုင်တော့ဘဲ အနီးရှိကားများကို တိုက်မိခဲ့ရာမှ ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ရဲတပ်ဖွဲ့က ပြောကြားသည်။

နိုင်ဂျီးရီးယား၌ ရေနံဝန်ထမ်းနှစ်ဦး ပြန်ပေးဆွဲခံရ

လေဂို့စ် ဇူလိုင် ၂၇

နိုင်ဂျီးရီးယားနိုင်ငံ တောင်ပိုင်း ရေနံထုတ်လုပ်ရာမြို့တော်ဖြစ်သည့် ဟာကောင့်ဒ်မြို့၌ ဇူလိုင် ၂၆ရက်တွင် အမည်မသိ သေနတ်သမားများက ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးနှင့် နိုင်ဂျီးရီးယားနိုင်ငံသား ရေနံဝန်ထမ်းနှစ်ဦးအား ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း၊ ယင်းဝန်ထမ်းနှစ်ဦးမှာ ကမ်းလွန်ရေနံလုပ်ကွက်သို့ တာဝန်ထမ်းဆောင်ရန် သွားရောက်စဉ် ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေ အခြေအနေ

နယူးယောက် ဇူလိုင် ၂၇

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ဇူလိုင်၂၇ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတု အခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၄°C	တိမ်ထူထပ်
ဂျပန်	တိုကျို	၃၁°C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၂°C	လေပြင်းတိုက်၊မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၆°C	တိမ်ထူထပ်
ပါကစ္စတန်	ကရာချိ	၃၃°C	တိမ်ထူထပ်
အီဂျစ်	ကိုင်ရို	၃၂°C	သာယာ
ရုရှား	မော်စကို	၂၄°C	မိုးရွာ
ဂျာမနီ	ဖရန့်ဖွတ်	၂၇°C	တိမ်ထူထပ်
ပြင်သစ်	ပါရီ	၂၇°C	တိမ်ထူထပ်
ဗြိတိန်	လန်ဒန်	၂၄°C	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၃၀°C	လေပြင်းတိုက်၊မိုးရွာ

(အင်တာနက်)

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းရိုက်ခတ်မှုဒဏ်ခံနိုင်ရန် ကြိုပြင်ဆင်ထားကြရန် ကျူးဘားသမ္မတ ပြည်သူတို့အားမှာကြား

ဟာဗားနား ဇူလိုင် ၂၇

တစ်ကမ္ဘာလုံးဆိုင်ရာ လက်ရှိ စီးပွားရေးအကျပ်အတည်း၏ နောက်ဆက်တွဲဂယက်ရိုက်ခတ်မှုများကိုခံနိုင်အောင် ကျူးဘားပြည်သူတို့ ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ကျူးဘားသမ္မတ ရောလ်ကက်စထရိုက သတိပေးလိုက်သည်။

သတိပေးပြောကြား

ဖွံ့ဖြိုးဆဲနိုင်ငံများမှာ စက်သုံးဆီဈေးနှုန်းနှင့် စားသောက်ကုန်ဈေးနှုန်း မြင့်မားမှုဒဏ်ကို ယခုပင် ခံနေကြရပြီဟုလည်း ၎င်းက ပြောကြား လိုက်သည်။

ကျူးဘားကွန်မြူနစ်တော်လှန်ရေးစတင်သည့် (၅၅)ကြိမ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် လူထုအစည်းအဝေးတွင် ကျူးဘားသမ္မတ ရောလ်ကက်စထရိုက အထက်ပါအတိုင်း သတိပေးပြောကြားလိုက်ခြင်း ဖြစ်သည်။

ကျင်းပ

ပြည်သူ ၁၀၀၀၀ တက်ရောက်သည့် ထိုအခမ်းအနားကို သမိုင်းဝင် စန်တီယာဂိုမြို့ မွန်ကားဒါးစစ်တန်းလျားတွင် ကျင်းပသည်။

အထူးဂရုစိုက်ရမည်

နိုဝင်ဘာလဆန်း၌ကျင်းပမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် မည်သူအနိုင်ရသည်ဖြစ်စေ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးကို အထူးဂရုစိုက်ရမည်ဖြစ်ကြောင်း အမေရိကန်နှင့်ပတ်သက်၍ ကျူးဘားသမ္မတ ရောလ်ကက်စထရိုက သတိပေးပြောဆိုလိုက်သည်။

(အင်တာနက်)

ဟားမတ်စ်တို့အား ကားဗုံးခွဲတိုက်ခိုက် သေနတ်သမားသုံးဦးနှင့် မိန်းကလေးတစ်ဦးသေဆုံး

ဂါဇာ ဇူလိုင် ၂၇

ဂါဇာကမ်းမြောင်ရှိ ဟားမတ်စ်အုပ်စု၏ လက်နက်ကိုင်အဖွဲ့ဝင်များ အသုံးပြုသည့် မော်တော်ယာဉ်တစ်စီးအနီးတွင် ဇူလိုင်၂၅ရက်က ကားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားသည့်အတွက် သေနတ်သမားသုံးဦးနှင့် မိန်းကလေးတစ်ဦး သေဆုံးသွားကြောင်း ပါလက်စတိုင်း ဟားမတ်စ်အုပ်စုနှင့် ဆေးဝန်ထမ်းများက ပြောကြားသည်။

ပြောကြား

ယင်းကားဗုံးခွဲတိုက်ခိုက်မှုမှာ တစ်ရက်အတွင်း တတိယအကြိမ် ကားဗုံးပေါက်ကွဲခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ ထွက်ပြေးနေသည့် အုပ်စုဝင်များ၏ လက်ချက်ဖြစ်ကြောင်း ဟားမတ်စ်အုပ်စုက ဖတဘာအုပ်စုကို ရည်ညွှန်းပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂရိနိုင်ငံ အေသင်မြို့အနီးရှိ သင်္ဘောကျင်းတစ်ခု၌ ဇူလိုင် ၂၇ရက်က ဓာတ်ငွေ့တင်သင်္ဘောတစ်စင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌ အမျိုးသမီးတစ်ဦး ဗုံးခွဲတိုက်ခိုက် ခုနစ်ဦးသေဆုံး၊ ၂၄ ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇူလိုင် ၂၇

အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဒီယာလာပြည်နယ် မြို့တော်ဘာကူဘာ၌ ဇူလိုင် ၂၄ရက်က အမျိုးသမီးအသေခံဗုံးခွဲသူ၏ လက်ချက်ဖြင့် ကင်းလှည့်တပ်ဖွဲ့ဝင်ခြောက်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

ယခုလဆန်းပိုင်းက ဘာကူဘာမြို့၌ အသေခံဗုံးခွဲမှု နှစ်ကြိမ်ဖြစ်ပွားစဉ် အနည်းဆုံးလူ ၂၀သေဆုံးပြီး မကြာမီကာလများကလည်း အမျိုးသမီးများ၏ အသေခံဗုံးခွဲ တိုက်ခိုက်မှု သုံးလေးကြိမ်ရှိခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

လက်ဘနွန်မြောက်ပိုင်း၌ ပဋိပက္ခဖြစ်ပွား

ထရီပိုလီ ဇူလိုင် ၂၇

လက်ဘနွန်နိုင်ငံမြောက်ပိုင်းရှိ ထရီပိုလီမြို့၌ ဇူလိုင်၂၅ရက်က လက်နက်ကိုင်ပြိုင်ဘက်အုပ်စုချင်း ပြင်းထန်စွာ ပဋိပက္ခဖြစ်ပွားသဖြင့် အနည်းဆုံး ခြောက်ဦးသေဆုံးကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ဦးဆောင်

ပြိုင်ဘက်အုပ်စုများအကြား စက်သေနတ်၊ လက်ပစ်ဗုံးများဖြင့် အပြန်အလှန်ပစ်သဖြင့် ဒဏ်ရာရသူပေါင်း ၅၀ရှိသည်။ ဆွန်နီဦးဆောင်သည့် အာဏာရည္ဍွန့်ပေါင်းအစိုးရနှင့် ရှီးယိုက်ဟစ်ဇ်ဘိုလာ ဦးဆောင်သည့် အတိုက်အခံတို့အကြား သဘောထားကွဲလွဲမှုကို ဤပဋိပက္ခက ထင်ဟပ်ပြသလျက် ရှိသည်။ အမ်အင်န်အေ၊ရိုက်တာ

28-7 (04).pmd 1 7/29/2008, 2:39 AM

အင်တာနက်ကျန်းမာရေး

ဒန့်သလွန်ရွက် စားသုံးခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှု ကာကွယ်နိုင်

ဒန့်သလွန်ရွက်ကို စားသုံးခြင်းသည် ခန္ဓာကိုယ်အတွင်း သွေးနှင့်ပတ်သက်သော ရောဂါများဖြစ်ပွားမှုမှ အကာအကွယ်ပေးနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ဇူလိုင် ၂၇ရက်၌ ပြောကြားသည်။

အကာအကွယ်ပေးနိုင်

ဒန့်သလွန်ရွက်တွင် ပါဝင်သောဓာတ်များက သွေးအတွင်း အဆီဓာတ်များပြားနေမှုကို လျှော့ချပေးနိုင်သည့်အပြင် သွေးကလာပ်စည်းများ ပျက်စီးမှုကိုလည်း အကာအကွယ်ပေးနိုင်သည်။

လျှော့ချပေးနိုင်

ထို့အပြင် ဒန့်သလွန်ရွက်ကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် ပုံမှန်စားသုံးပေးသွားပါက နှလုံးသွေးကြောကျဉ်းမှု၊ အစာအိမ်နှင့်သွေးကြောနံရံများ ပျက်စီးမှုကို အကာအကွယ်ပေးနိုင်ပြီး သွေးပေါင်ချိန်မြင့်တက်မှုကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

နည်းပါး

ဒန့်သလွန်ရွက်ကို ပုံမှန်စားသုံးသူ ၃၀၀၀ ခန့်အား ငါးနှစ်ကြာ သုတေသနပြု လေ့လာခဲ့ရာ ၎င်းတို့သည် သွေးတိုးရောဂါ၊ အစာအိမ်ရောဂါနှင့် သွေးကြောပိတ်ဆို့မှုရောဂါများ ဖြစ်ပွားမှုနည်းပါးသည်ကို တွေ့ရှိရကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

စောင့်ပါ. . . .

ဘဝအမောပြေ

ဥျန်နှင့် စမစ်အမည်ရှိ မိတ်ဆွေနှစ်ဦး အားလပ်ရက်တစ်ရက်၌ ငါးမျှားရင်း စကားပြောလျက်ရှိသည်။

ဥျန် ။ ။ အိမ်မှာနေရတာ အဆင်မပြေပါဘူးကွာ။
စမစ် ။ ။ ဘာဖြစ်လို့လဲ။
ဥျန် ။ ။ ငါ့မိန်းမနဲ့ စကားမပြောတာကြာပြီ။
စမစ် ။ ။ ဟုတ်လား။
ဥျန် ။ ။ အဲဒါ… ဒီမိန်းမကို ကွာရှင်းလိုက်ရင် ကောင်းမလားလို့ စဉ်းစားနေတယ်။
စမစ် ။ ။ ကောင်းတယ်… မြန်မြန်သာ ကွာရှင်းလိုက်ကွာ။
ဥျန် ။ ။ ဘာဖြစ်လို့လဲ။
စမစ် ။ ။ မင်းနဲ့ကွာရှင်းပြီးတဲ့အထိ စောင့်ပါလို့ ငါ့ကို ပြောထားလို့။
ဥျန် ။ ။ **“ဟေ”**

ဘဝဒဿနအမြင်

* ***I never knew a man escape failures in either mind or body, who work seven days in a week.***
တစ်ပတ်၌ ခုနစ်ရက်အလုပ်လုပ်သဖြင့် စိတ်ပိုင်းအရသို့မဟုတ် ရုပ်ပိုင်းအရ မဆုံးရှုံးဖူးသူကို ကျွန်ုပ်တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးပါ။
ဆာရောဘတ်ပီးလ်
(အင်္ဂလိပ်လူမျိုးနိုင်ငံရေးသမား)

* ***Talking of love is making it.***
အချစ်နှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးခြင်းသည် အချစ်ကို ဖန်တီးခြင်းတစ်ရပ်ပင် ဖြစ်သည်။
ဂျိုးဇက်ပရက်စလေ
(အင်္ဂလိပ်လူမျိုးဘာသာရေးသမားနှင့် အတွေးအခေါ်ပညာရှင်)

အေးအတူပူအမျှ မခွဲမခွာနေလိုပါသော်လည်း . . . . နိုင်ငံတကာမှုခင်းဖြစ်ရပ်

ဗြိတိန်နိုင်ငံ အစ်လင်တန်အရပ်တွင် စီးပွားရေးလုပ်ငန်းရှင်ကြီး ဂျော့ကင်ဆယ်လာနှင့် ဇနီးဒက်ဘီကင်ဆယ်လာတို့သည် သမီးကြီးဘရွတ်ကီကင်ဆယ်လာ၊ သမီးလတ် ဂျိတ်ကင်ဆယ်လာ၊ သမီးငယ် ဂျော့ဂီယာကင်ဆယ်လာနှင့် အထွေးဆုံးသား ဘင်ကင်ဆယ်လာ**(ယာပုံ)**တို့နှင့်အတူ အေးချမ်းပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။

သစ္စာတရားကြီးမား

ဂျော့နှင့်ဒက်ဘီတို့သည် လွန်ခဲ့သော ၂၈နှစ်က မေတ္တာမျှကာ တစ်အိုးတစ်အိမ် ထူထောင်ခဲ့ကြသည်။ ထိုစဉ်က ဂျော့သည် ၃၄နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင်ပေါက်စတစ်ဦးဖြစ်ပြီး အသက် ၂၄နှစ်အရွယ်ရှိ ဒက်ဘီသည် ကုမ္ပဏီတစ်ခုမှ စာရင်းကိုင်တစ်ဦး ဖြစ်သည်။ သူတို့ဇနီးမောင်နှံတွင် ခင်ပွန်းဂျော့က ၁၀နှစ်ကြီးလေသည်။ သူတို့နှစ်ဦးသည် အသက်အရွယ် ကွာခြားသော်လည်း တစ်ဦးအပေါ်တစ်ဦး သစ္စာတရားကြီးမားသော အပေးအယူမျှသည့် ဇနီးမောင်နှံဖြစ်သည်။

လွတ်လွတ်လပ်လပ်နေထိုင်

ဂျော့နှင့်ဒက်ဘီတို့ဇနီးမောင်နှံသည် လက်ထပ်ခဲ့သည့် ၁၉၈၀ပြည့်နှစ်မှ အိမ်ထောင်သက်သုံးနှစ်ရသည်အထိ လွတ်လွတ်လပ်လပ် နေထိုင်ခဲ့ကြသည်။ ထို့နောက် သားသမီးယူခဲ့ကြရာ ၁၉၈၄ခုနှစ်တွင် သမီးကြီး ဘရွတ်ကီ၊ ၁၉၈၇ခုနှစ်တွင် သမီးလတ် ဂျိတ်၊ ၁၉၉၀ပြည့်နှစ်တွင် သမီးငယ် ဂျော့ဂီယာနှင့် ၁၉၉၂ခုနှစ်တွင် အထွေးဆုံးသား ဘင်ကင်ဆယ်လာတို့ကို မွေးဖွားခဲ့ရာ သားသမီးများမှာ ယခုအခါ ၂၄နှစ်၊ ၂၁နှစ်၊ ၁၈နှစ်နှင့် ၁၆နှစ်အသီးသီး ရှိနေကြပြီဖြစ်သည်။

ထူးချွန်ထက်မြက်

သမီးကြီး ဘရွတ်ကီသည် ရုပ်ရှင်သရုပ်ဆောင်ဟောင်းတစ်ဦးဖြစ်ပြီး ဘွဲ့ရပညာတတ်တစ်ဦးဖြစ်သည်။ ဂျိတ်သည်ဘွဲ့ရပြီးခါစဖြစ်ပြီး ဂျော့ဂီယာမှာ တက္ကသိုလ် ဒုတိယနှစ် တက်ရောက်နေဆဲဖြစ်သည်။ အထွေးဆုံးသားဖြစ်သည့် ဘင်ကင်ဆယ်လာသည် ပညာရေးတွင် ထူးချွန်ထက်မြက်ကာ တစိုက်မတ်မတ် ကြိုးစားသော သားလိမ္မာဖြစ်ပြီး လန်ဒန်မြို့မြောက်ပိုင်း ဟော်လိုဝေး အထက်တန်းကျောင်းမှ ဂျီစီအက်စ်အီး စာမေးပွဲကို ပိုင်နိုင်စွာ ဖြေဆိုထားနိုင်သူ ဖြစ်သည်။ ယင်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်မည့်သူဖြစ်ပြီး အောင်စာရင်းများကို လာမည့် ဩဂုတ်လအတွင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာမည် ဖြစ်သည်။

အထွေးဆုံးသားဖြစ်သည့် ဘင်ကင်ဆယ်လာသည် ပညာရေးတွင် ထူးချွန်ထက်မြက်ကာ တစိုက်မတ်မတ် ကြိုးစားသော သားလိမ္မာဖြစ်ပြီး လန်ဒန်မြို့မြောက်ပိုင်း ဟော်လိုဝေး အထက်တန်းကျောင်းမှ ဂျီစီအက်စ်အီး စာမေးပွဲကို ပိုင်နိုင်စွာ ဖြေဆိုထားနိုင်သူဖြစ်၊ ယင်း စာမေးပွဲကို ထူးချွန်စွာ အောင်မြင်မည့်သူဖြစ်။

ခိုက်ရန်ဖြစ်ပွား

ပြီးခဲ့သည့် ဇွန် ၂၉ရက်ညပိုင်းက ဘင်ကင်ဆယ်လာသည် အစ်လင်တန်အရပ် ယောက်ဝေးလမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါးစားသောက်ခဲ့ကြသည်။ သူ၏သူငယ်ချင်းများထဲတွင် ပါသော စိတ်ဆတ်သူတစ်ဦးကြောင့် တစ်ဖက်လူငယ်အုပ်စုနှင့် ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။ အေးဆေးစွာနေတတ်သော ဘင်မှာ ရန်ပွဲတွင် အလိုလိုပါဝင်ပြီး ဖြစ်ခဲ့သည်။

သေဆုံး

တစ်ဖက်လူငယ်များ၏ ဓားများဖြင့် ဝင်ရောက်တိုက်ခိုက်မှုကြောင့် နောက်တွင်ကျန်နေခဲ့သူ အေးဆေးရိုးအေးသော ဘင်ကင်ဆယ်လာမှာ ဓားဖြင့် အချက်ပေါင်းများစွာ အထိုးခံရပြီး ညတွင်းချင်းပင် သေဆုံးခဲ့သည်။ မိဘညီအစ်ကိုမောင်နှမများမှာ ပန်းကောင်းအညွန့်ကျိုး ဖြစ်သွားသော ဘင်ကင်ဆယ်လာအတွက် အကြီးအကျယ် စိတ်ထိခိုက်ခံစားခဲ့ကြရသည်။ ဘင်ကင်ဆယ်လာ သေဆုံးမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများဖြစ်ကြသော အသက် ၁၈နှစ်ရှိ ဂျူရက်စ်ကီကာနှင့် မိုက်ကယ်အလီနီ၊ အသက် ၁၉နှစ်ရှိ ဘရိုက်သ်ဝေတီတို့သည် ဟိုက်ဘူရီ တရားရုံးတွင် တရားရင်ဆိုင်ရမည်ဖြစ်သည်။ ရမ်းကားသော လူငယ်အုပ်စုမှာ ထိုက်သင့်သော ပြစ်မှုကြွေးကို ပေးဆပ်ရပေတော့မည်။

သင်ခန်းစာယူဖွယ်

ယခုဖြစ်ရပ်၌ ပညာရေးတွင် တစိုက်မတ်မတ် ကြိုးစားကာ ရိုးသားအေးဆေးစွာနေထိုင်ပြီး ချစ်မြတ်နိုးဖွယ်သော မိသားစုဝင်များနှင့် အေးအတူပူအမျှ မခွဲမခွာနေလိုလှပါသော်လည်း ထာဝရခွဲခွာခဲ့ရသည့် ဘင်ကင်ဆယ်လာ၏ ရင်နင့်ကြေကွဲလွမ်းမောဖွယ်ရာ၊ သင်ခန်းစာယူဖွယ်ရာ အဖြစ်ကို ဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးသားသည်

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

၂၀၁၅ခုနှစ်အရောက်၌ အာကာသသိပ္ပံနှင့် နည်းပညာ ကမ္ဘာ့အဆင့်အတန်းမီရေး တရုတ်ဆောင်ရွက်မည်

ပေကျင်း ဇူလိုင် ၂၇

တရုတ်နိုင်ငံ၏ အာကာသသိပ္ပံနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုမှာ ကမ္ဘာ့အဆင့်အတန်းမီလာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ရာ ပြည့်စုံသည့် အာကာသဆိုင်ရာ စက်မှုလုပ်ငန်းတစ်ခုကို လာမည့် ၂၀၁၅ခုနှစ်အရောက်တွင် တည်ဆောက်ရန် ရည်ရွယ်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း တရုတ်အာကာသသိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (စီအေအက်စ်တီ)က ဇူလိုင် ၂၆ရက်တွင် သတင်းထုတ်ပြန်သည်။

လုပ်ကိုင်ဆောင်ရွက်

တန်ကျင်း၊ အတွင်းမွန်ဂိုလီးယားနှင့် ဟောနန်ပြည်နယ်တို့တွင် အခြေစိုက်စခန်းများထားရှိကာ အာကာသသိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ငန်းများနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို နိုင်ငံပိုင် စီအေအက်စ်တီက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

အဓိကရည်မှန်းချက်

အာကာသနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်း၊ ထုတ်လုပ်ရေးလုပ်ငန်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် အခြားနည်းပညာဆိုင်ရာလုပ်ငန်းများကို ကမ္ဘာ့အနှံ့သို့ ဝန်ဆောင်မှုပေးနိုင်ရေးမှာ စီအေအက်စ်တီ၏ အဓိကရည်မှန်းချက်ဖြစ်ကြောင်း၊ ၂၀၀၅ခုနှစ် အရောက်တွင် ကမ္ဘာ့ဆက်သွယ်ရေး ဂြိုဟ်တုဈေးကွက်၏ ၁၀ရာခိုင်နှုန်းနှင့် အာကာသအတွင်းသို့ လွှတ်တင်သည့် ဂြိုဟ်တုတည်ဆောက်ရေး ဈေးကွက်၏ ၁၅ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီအေအက်စ်တီ ပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

မက္ကဆီကို ကမ်းရိုးတန်း၌ ပင်လယ်လိပ်များသေဆုံး

မက္ကဆီကိုစီးတီး ဇူလိုင် ၂၇

မက္ကဆီကိုနိုင်ငံတောင်ပိုင်း အက်စ်ပူလ်ကို ပင်လယ်အပန်းဖြေစခန်းအနီး၌ ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း ပင်လယ်လိပ်ကောင်ရေ ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ကြောင်း ဒေသတွင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တားမြစ်

သေဆုံးသည့် လိပ်ကောင်ရေ ၅၉ ကောင်ရှိပြီး အချို့မှာ ငါးဖမ်းပိုက်များတွင် တွယ်ငြိရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၀ပြည့်နှစ်မှ စတင်ကာ မက္ကဆီကို အစိုးရအနေဖြင့် ပင်လယ်လိပ်များ မျိုးသုဉ်းပျောက်ကွယ်မှုမှ ကာကွယ်ရန် ဖမ်းဆီးခြင်းကို တားမြစ်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ပြောကြားသည်။

ညွှန်ကြား

ငါးဖမ်းစက်လှေများဖြင့် ယင်းတို့၏ ငါးဖမ်းပိုက်များတွင် ပင်လယ်လိပ်များ ပါရှိလာပါက ပြန်လွှတ်ပေးရန် ညွှန်ကြားထားကြောင်း သိရသည်။

(အင်တာနက်)

နေအပြည့်ကြတ်မှု မြင်တွေ့ကြရမည်

အာကာသသိပ္ပံ

တိုရွန်တို ဇူလိုင် ၂၇

လာမည့် ဩဂုတ်၁ရက်(သောကြာနေ့)၌ နေကြတ်မှုဖြစ်ပေါ်မည်ဟု ကနေဒါနိုင်ငံမှ အာကာသ သုတေသနပညာရှင်များက ဇူလိုင် ၂၇ရက်တွင် ပြောကြားသည်။ ထိုသို့နေကြတ်ခြင်း(ယာပုံ)ကို အာရှအလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများ၊ ဥရောပအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများ၊ ဂရင်းလန်းကျွန်းနှင့် အမေရိက အရှေ့မြောက်ပိုင်းဒေသတို့မှ ထင်ရှားစွာ မြင်တွေ့ကြရမည်ဖြစ်သည်။

မြင်တွေ့ရ

ယခုနေကြတ်ခြင်းမှာ နေတစ်ခုလုံးနီးပါး ကြတ်မည်ဖြစ်ရာ လွန်ခဲ့သည့် နှစ်ပေါင်း၃၀အတွင်း ပထမဆုံးအကြိမ် နေအပြည့်ကြတ်ခြင်းပင် ဖြစ်သည်။ ယခု နေကြတ်ခြင်းကို တရုတ်၊ မွန်ဂိုလီးယား အနောက်ပိုင်း၊ ဆားဗီးယားအရှေ့တောင်ပိုင်းဒေသများမှလည်း နေကြတ်ခြင်းကို မြင်တွေ့ရမည်ဖြစ်သည်။

ကြာမြင့်မည်

လာမည့် ဩဂုတ် ၁ရက်၌ နေအပြည့်ကြတ်ခြင်းသည် လွန်ခဲ့သည့် ၁၉၇၉ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်က နေအပြည့်ကြတ်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် နေကြတ်ခြင်းလည်း ဖြစ်သည်။ နေကြတ်မည့် အချိန်ကာလမှာ ၂မိနစ် ၁၈စက္ကန့် ကြာမြင့်မည်ဖြစ်သည်။ (အင်တာနက်)

● ရွှေဖုံး

အဆိုပါအခမ်းအနားသို့ ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိဘုန်းတော်ကြီးစာသင်တိုက် ၂၂တိုက်တို့မှ ပဓာနနာယက ဆရာတော်ကြီးများနှင့်ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက် နှစ်တိုက်တို့မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပိဋကတ်သုံးပုံနိကာယ် စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ရွှေရတုတိပိဋကဓရ တိပိဋက ကောဝိဒမဟာပဏ္ဍိတ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ဦးစီးပဓာနနာယကဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်

ဆက်လက်၍ တိုင်းမှူး၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ ကိုယ်စားတပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ သုံးဦးတို့က ဆရာတော်နှင့်သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့်ပဲတို့ကို တိုင်းမှူးက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းလုပ်ငန်း၊ သတ္တုတွင်း ဝန်ကြီးဌာနနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုက ငွေကျပ် ၂၄၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၄၀၀၀၀၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးက ငွေကျပ် တစ်သိန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်လေးသိန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အုတ်လုပ်ငန်းရှင်များက ငွေကျပ် သိန်း ၂၀၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂) နှင့် စက်မှုဇုန်(၃)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စက်မှုဇုန်နှင့် ဒဂုံမြို့သစ်ဆိပ်ကမ်း မြို့နယ်စက်မှုဇုန်တို့က ငွေကျပ် ၁၀သိန်းစီ ဦးစိုးထွန်းရှိန် (အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်) အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရချမ်းမြေ့သီတဂူ ဦးနိုင်ဦး- သီရိသုဓမ္မသီဂီ သီတဂူ ဒေါ်အေးသိန်း (မိဘရိပ်သစ်စက်)၊ ဦးခင်ဇော်- သီရိသုဓမ္မသီဂီဒေါ်ခင်ဆွေဦး (ကျားကိုးကောင်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်စီးပွားရေးဖွံ့ဖြိုးမှုဇုန်နှင့် ဒေါက်တာဇော်ထွန်း (ပင်လုံဆေးရုံ) တို့က ငွေကျပ်ငါးသိန်းစီ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် ၃၀၇၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရသမားတော် ဦးဘိုကြီး- သီရိသုဓမ္မသီဂီဒေါ်သန်းသန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဆီလုပ်ငန်းရှင်များနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဆန်၊ ဆီကုန်သည်ကြီးများ အသင်းတို့က ငွေကျပ်သုံးသိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)က ငွေကျပ် ၂၄၀၀၀၀၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ ဒေါ်တင်သန်း (ရွှေမျိုးစုမိသားစု)က ငွေကျပ် ၂၂၀၀၀၀၊ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်- အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးရွှေတိုး မိသားစု (မိဘဂုဏ်ရှိန်သစ်စက်)နှင့် ဒေါက်တာခင်မောင်ထွန်း (ထက်လင်းတိုင်းရင်းဆေးဝါး)တို့က ငွေကျပ်နှစ်သိန်းစီ၊ ကွယ်လွန်သူဦးအေးအား ရည်စူး၍ ဒေါ်ခင်စု (မန္တလေးမိသားစု)၊ ဦးအောင်ဆု (ဗိုလ်တထောင်စေတီ ဂေါပကအဖွဲ့ဝင်)၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ဧရတ်သီးမှုန့်)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ဆန်ကုန်သည်ကြီးများအသင်း၊ ဦးမောင်မောင်သိန်း (ငါးပိ၊ငါးခြောက်ဇုန်) (ဇုန် ၁၂၂)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ ဦးအောင်သိန်း(ဧရာဝဏ်သစ်စက်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဒေါ်မြင့်မြင့်အုန်းမိသားစု၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်မှ ဆီကုန်သည်အသင်း၊ ဆန်ကုန်သည်အသင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးလှမြင့်၊ ဦးကြည်စိုး- ဒေါ်ငွေငွေရီ(ကေသီပန်တိုင်းရင်းဆေး)တို့က ငွေကျပ် ၁၃၀၀၀၀အပါအဝင် စေတနာရှင်အလှူရှင်များက ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၄၁၇၇၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆင့်က ဆွမ်းဆန်တော်၊ဆီ၊ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှူဒါန်းမှု

ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့်သီလရှင် စာသင်တိုက်များသို့ ယနေ့ လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၂၈၂ အိတ်ကိုးပြည်၊ ဆီ ၁၈၃ပိဿာ ၅၀ကျပ်သား၊ အိုင်အိုဒင်းဆားပိဿာ ၃၈၀၀၊ ပဲ ၁၂အိတ် ခုနစ်ပိဿာ၊ သွားတိုက်ဆေးဘူး ၃၇၈ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၇၅၀၊ ဧရတ်သီးမှုန့်ထုပ် ၁၀၀၀၊ စတုမဓုဆေးဘူး ၃၀၀ နှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၄၁၇၇၀၀၀တို့ ဖြစ်သည်။

ဗဟန်းမြို့နယ်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၇တိုက်၊ သီလရှင်စာသင်တိုက် ခုနစ်တိုက်နှင့်နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ညနေ ၃နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မင်္ဂလာဈေးမွှာရုံ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၇တိုက်တို့မှ ပဓာနနာယက ဆရာတော်ကြီးများ၊ သီလရှင်စာသင်တိုက် ခုနစ်တိုက်တို့မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်းဆရာတော်ပထမကျော် အဂ္ဂမဟာကျော်ဝိနယပါဠိပါရဂူ (သ-စ-အ)၊ ဓမ္မာစရိယ ဘဒ္ဒန္တ နာရဒါဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်းဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်တော်လှူဒါန်း

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများမှ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့်ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိကြီး သုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့်အလှူရှင်များ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ် လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ် ၃၅၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၅၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့်ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်နှစ်သိန်း၊ ဦးတင့်လွင်-ဒေါ်ကျင်စွမ်မိသားစု (Lwin and Swan Co.,Ltd.) နှင့် ဦးအောင်မြင့်-ဒေါ်ခင်အုန်းမြင့် (ရွှေတောင်ကြားရပ်ကွက်)တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးရဲအောင် (လူမှုထူးချွန်တတိယဆင့်)- သီရိသုဓမ္မသီဂီ ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ် ကုမ္ပဏီ)က ငွေကျပ် ၅၀၃၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သမားတော် ဦးဘိုကြီး- သီရိသုဓမ္မသီဂီ ဒေါ်သန်းသန်း၊ ဦးမြင့်သိန်း (Western Park Royal Restaurant)၊ ဦးစိုင်းမောင်မောင်မြင့် (Sky Lion Co.,Ltd.)-ဒေါ်ခင်မင်းမင်းစိုး(Banner Store)နှင့် ဦးစိုးထွန်းရွှေ (အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်) တို့ကငွေကျပ်ငါးသိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)က ငွေကျပ် ၃၅၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် ၃၀၇၀၀၀၊ သီရိသုဓမ္မသီဂီ ဒေါ်မေသန်းနွယ် (သီဂီရွှေရည်ဓာတ်ပုံတိုက်)၊ ဦးချစ်ခိုင် (ဒေင်အုပ်စုကုမ္ပဏီလီမိတက်) သင်္ဘောတစားသောက်ဆိုင်နှင့်အဂ္ဂမဟာသီရိသုဓမ္မ သီဂီ ဒေါ်အေးမြတ်နွယ်(ပုံဟိုတယ်မိသားစု) တို့က ငွေကျပ် သုံးသိန်းစီ၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရဦးသန်းနိုင်-အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ၊ ဦးအောင်သန်းမြင့်-ဒေါ်စန်းစန်းမြင့် (Super Power Co.,Ltd.)၊ သမားတော်ကြီး ဦးကျော်စိန်-ဒေါ်နန်းခမ်းဆာ (ဖြူစင်မေတ္တာဆေးတိုက်)၊ သုဓမ္မ မဏိဇောတဓရ ဦးမောင်မောင် (ဂရိတ်ဝေါ တိုင်းရင်းဆေး)၊ ဦးခင်မောင်ဇော်-ဒေါ်လှဲ့လှဲ့အောင် (Good Top ဆောက်လုပ်ရေး) နှင့် သီရိသုဓမ္မမဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ ဦးဘခန့်-ဒေါ်ခင်ရွှေတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးအောင်ဇော်မြင့်-အဂ္ဂမဟာ သီရိသုဓမ္မသီဂီ ဒေါက်တာမြတ်မြတ်အုန်းခင် မိသားစုက ငွေကျပ် ၂၀၅၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးငယ်ရွယ် အဖွဲ့ခွဲတာဝန်ခံ ဒေါ်သန်းနု မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးသန်းမောင်-ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး)က ငွေကျပ် ၁၁၇၀၀၀၊ ဦးမြသောင်း(Jewel Hotel)၊ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဦးစံငြိမ်း(ဒါရိုက်တာ ရွှေဂုံတိုင်အထူးကု ဆေးခန်း)၊ ဦးသက်နိုင်- ဒေါ်စုစုတင် မိသားစု၊ ဦးဝင်းဆွေ- ဒေါ်မင်းသွယ်နု၊ သား ခန့်စည်သူ(ရုပ်ရှင်နှင့် ဗီဒီယို သရုပ်ဆောင်)၊ ဒေါ်သန်းသန်းအေး (ရွှေကောင်းဟော့ပေါ့)၊ ဦးလှဝင်းအောင် မိသားစု၊ ဦးမောင်မောင် မိသားစု (She Shines Jewellery)၊ ဦးစိုးညွန့် မိသားစု (တော်ဝင်နှင်းဆီ)၊ ဗဟန်းမြို့နယ် စေတနာရှင် ပြည်သူများ၊ ဦးခင်လှိုင်- ဒေါ်ခင်ဆွေဝင်း(ဇောတိကသင်္ကန်းတိုက်)၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး(မဥ္ဇူထွန်းမြင့် ကုမ္ပဏီ-ဘုတ်ဆုံမ၊ ဧရတ်သီးမှုန့်)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း-ဒေါ်ယဉ်ယဉ်နု(မြတ်မွန်ရတနာ သင်္ကန်းတိုက်)နှင့် ကွယ်လွန်သူ ဗိုလ်မှူးသန်းမောင်ရှိန်အား ရည်စူး၍ ဇနီးဒေါ်ခင်မျိုးသူ မိသားစုတို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် စေတနာရှင်အလှူရှင်များက ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်း ငွေကျပ် ၉၈၈၇၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တပ်မတော်အရာရှိများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းလျှောက်ထား

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်း ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၅၃၁အိတ် ၁၂ပြည်၊ ဆီ ၃၇၆ပိဿာ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၃၇၆၄ပိဿာ၊ သွားတိုက်ဆေး ၇၃၅ဘူး၊ တိုင်းရင်းဆေးမျိုးစုံဘူး ၇၀၀၀၊ ပဲ၂၅အိတ်နှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၉၈၈၇၀၀၀တို့ ဖြစ်သည်။

(သတင်းစဉ်)

မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇန၏ သက်တော်(၆၆)နှစ် ဝါတော် (၄၆)ဝါပြည့် မွေးနေ့အလှူတော်မင်္ဂလာနှင့် (၄၂)ကြိမ်မြောက် သိက္ခာထပ် မင်္ဂလာအခမ်းအနားတွင် အလှူရှင်များက သိမ်ဆင်းလောင်းလှူကြစဉ်။ (သတင်းစဉ်)

မင်္ဂလာတောင်တော်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဇန၏မွေးနေ့အလှူတော်နှင့် (၄၂)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုဇန၏ သက်တော်(၆၆)နှစ် ဝါတော်(၄၆)ဝါပြည့် မွေးနေ့အလှူတော်မင်္ဂလာနှင့် (၄၂)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်စနာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး သိက္ခာတော် ကံထပ်မင်္ဂလာအလှူရှင်မိသားစုနှင့် တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

သိမ်ဆင်းလောင်းလှူ

ရှေးဦးစွာ ဆရာတော် သံဃာတော်များက ဗဒ္ဓဒီပသိမ်တော်ကြီး၌ ဗဟန်းမြို့နယ် သံဃာ့ဝန်ဆောင် မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုဇနအား သိက္ခာထပ်မင်္ဂလာကျင်းပပြီး အလှူရှင်ဦးသန်းဝင်းစိုးနှင့် ဇနီးဒေါ်ပွင့်ဦးလှိုင် မိသားစုနှင့် ဆရာတော်၏တပည့်ဒါယကာ ဒါယိကာမများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဖြင့် သိမ်ဆင်းလောင်းလှူကြသည်။

ထို့နောက် ဆရာတော်ဘဒ္ဒန္တသုဇနထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ရေစက်သွန်းချ

ယင်းနောက် ဆရာတော်ဘဒ္ဒန္တသုဇနက အနုမောဒနာတရားချီးမြှင့်ပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတင်းဆောင်းပါးများဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ်ယခုအပတ်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၇

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂၉)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ ဘဝကားမောင်းခြင်း(၁) 'ရွှေမှာကွေ့မလား ဘရိတ်နင်းထား' အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲခံခဲ့ရသော မြန်မာသင်္ဘောသားများ ပြန်ရောက်ပြီ၊ ပါရမီတက္ကစီများတွင် မိုဘိုင်းလ်ဖုန်းသုံးနိုင်ရန်စီစဉ်၊ စင်ကာပူတွင် နှစ်နှစ်ဖြင့်ဘွဲ့ယူနိုင်ရန် မြန်မာတွင် အကြိုသင်တန်းတက်နိုင်ပြီ၊ လေဘေးသင့်ဒေသများတွင် အခမဲ့ငါးဖမ်းခွင့် သုံးလပေးထားသော်လည်း အချို့ဒေသများတွင် ဖမ်းဆီးခွင့်မရကြ၊ WCDMA ဖုန်းများ ဗီဒီယိုနှင့်စာတိုပို့စနစ် အသုံးပြုနိုင်ပြီ၊ ပြည်တွင်းထုတ်မှုရင်းခွေများ ဆင်ဆာခွင့်ပြုချက်ဖြင့် ပြည်ပသို့တင်ပို့နိုင်၊ အမျိုးသမီးများ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တက်ခွင့်ရတော့မည်စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'တစ်ပတ်ထဲမှာပြောစရာ (Quotes of the Week)' ကဏ္ဍ၊ မီးရထားစီးလာပါ၊ ထိခိုက်ဒဏ်ရာရပြီးနောက် ခံစားရသောစိတ်ဖိစီးမှု ဝေဒနာ (၅)… စသော မျက်မှောက်ရေးရာ ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဖြန့်ချိ

'အီရတ်မှာရှိတဲ့ နိုင်ငံတကာတပ်ဖွဲ့တွေအတွက် အချိန်ကန့်သတ်မှုဆိုတာ ရှိသင့်ပါတယ်' အီရတ်ဝန်ကြီးချုပ် အယ်လ်မာလီကီနှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ငယ်ကချစ်အနှစ်တစ်ရာ မမေ့သာလေသလား ဟောင်ကောင်သူဌေးကြီးနှင့်ချစ်ဦးသူတို့၏ မဖြောင့်ဖြူးလေသော ချစ်ခရီးက သက်သေပြ၊ ဂျပန်ဖခင်နှင့် တရားမဝင်မွေးလာသောကလေးကို နိုင်ငံသားအဖြစ်အသိအမှတ်ပြုပေးမည်၊ ဒုတိယကမ္ဘာစစ်အတွင်းက ဂျူးလူမျိုးများကို သတ်ဖြတ်ခဲ့သူ ဖမ်းမိရန်နီးကပ်လာပြီ၊ အာဆီယံဖွဲ့စည်းပုံ ဥပဒေက အဖွဲ့ဝင်နိုင်ငံများကို ပို၍တောင့်တင်းခိုင်မာစေမည်၊ ထိုင်းဆယ်ကျော်သက်ပုရိသများ လိင်ပြောင်းလဲခွဲစိတ်ရန်လိုလား၊ မင်္ဂလာမောင်နှံ ဝေးတစ်မြေခြားသော်လည်း ဖုန်းဖြင့်သစ္စာအဓိဋ္ဌာန်ပြု၊ ဖော့ဘ်စ်ဂျာနယ်မှ ရွေးချယ်ထားသည့် နာမည်ကျော်စာရင်းထဲ ရိန်းပါဝင်ပြန်၊ လူငယ်များ ကိုယ်ပိုင်စီးပွားရေး ပိုမိုလုပ်ဆောင်ကြရန် စင်ကာပူဝန်ကြီးချုပ်တိုက်တွန်း၊ ဖိလစ်ပိုင်လူမျိုးတစ်သောင်းကျော်ခန့် အီရတ်၌ တရားမဝင်အလုပ်လုပ်ကိုင်နေ စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း တာမွေမြို့နယ်ကျောက်မြောင်း စကြာလမ်း အမှတ် ၁၃ နေ ဒေါ်ဂေါင်းလုံးမနှင့် သားသမီး၊ မြေးမြစ်တစ်စုက ဒဂုံမြို့နယ် အမှတ်၁၂စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ သစ်တောပညာရပ်ဆိုင်ရာ သတ္တမအကြိမ်မြောက် စာတမ်းဖတ်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက် ၁၀ နာရီက သစ်တောရေးရာဝန်ကြီးဌာန ရေဆင်းသုတေသန စုဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဖတ်ကြားတင်သွင်း

အဆိုပါ သုတေသန စာတမ်းဖတ်ပွဲတွင် သစ်တောစိုက်ပျိုးပြုစုမှုဆိုင်ရာ စာတမ်းခြောက်စောင်၊ သစ်အသုံးချမှုဆိုင်ရာ စာတမ်းလေးစောင်နှင့် ဆေးဖက်ဝင်အပင်ဆိုင်ရာ စာတမ်းတစ်စောင် စုစုပေါင်း စာတမ်း ၁၁စောင်တို့ကို ဖတ်ကြားတင်သွင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၂၇

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်ဇနီး ဒေါ်အေးအေးထွန်းတို့အားအမှူးထား၍ သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၅နာရီခွဲက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အနေကဇာတင်

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ပြီး ဘိသိက်သွန်းတော်မူကြသည်။

ငါးပါးသီလခံယူ

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က နာယူကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

Ubi Find English-Myanmar Dictionary Mobile Phones Software ဈေးကွက်စတင်မိတ်ဆက်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်း အတွင်းရှိ Myanmar Info-Tech ၌ GSM နှင့် CDMA Mobile Phone များတွင် ထည့်သွင်းအသုံးပြုနိုင်သည့် Ubi Find English-Myanmar Dictionary for Mobile Phones ဟုခေါ်သည့် Mobile Software တစ်ခုအား ဈေးကွက်အတွင်းသို့ စတင်မိတ်ဆက်သည့် Product Launch Seminar ကို ယမန်နေ့က SiDA Technology Co.,Ltd. ကဦးစီးကျင်းပသည်။**(ယာပုံ)**

အဆိုပါ Ubi Find English-Myanmar Dictionary for Mobile Phones Software အား SiDA Technology Co.,Ltd. မှ ကိုယ်ပိုင် တီထွင်ထုတ်လုပ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

ရှင်းလင်းပြသ

Seminar တွင် Ubi Find ဟု အမည်ရသည့် Mobile Phone များတွင် ထည့်သွင်း အသုံးပြုနိုင်သည့် English-Myanmar Dictionary အကြောင်းကို ရှင်းလင်းပြသရာMobile Phonဆောင်ထားသူတိုင်းအတွက် Dictionaryတစ်အုပ် ယူဆောင်သွားစရာမလိုဘဲ မိမိသိလိုသော အင်္ဂလိပ်စာလုံးကို Mobile Phone အသုံးပြု၍ အဓိပ္ပာယ်ကို အမြန်ဆုံးသိရှိနိုင်သဖြင့် လွယ်ကူသက်သာ၍ များစွာ အထောက်အကူပြုသည့် Dictionary တစ်ခုဖြစ်ကြောင်း သိရသည်။

ဖော်ပြထား

Ubi Find English-Myanmar Dictionary ကို မြန်မာနိုင်ငံတွင် လူသုံးများနေသော Modern English-Myanmar အဘိဓာန်ကို အခြေခံထားပြီး စာလုံးရေ ၅၀၀၀၀ကျော် ပါဝင်ကြောင်း၊ အထူးသဖြင့် Mobile Phone သုံးစွဲနေသည့် ပြည်တွင်း၊ ပြည်ပရှိ မြန်မာများ၊ လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်သူများ၊ ကျောင်းသားကျောင်းသူများ အတွက် အဆင်ပြေစေရန် အဓိက ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ Ubi Find Dictionary ဝယ်ယူလိုပါက နည်းလမ်းနှစ်မျိုးဖြင့် ရောင်းချပေးမည် ဖြစ်ကြောင်း၊ ကွန်ပျူတာ ကျွမ်းကျင်ပြီး မိမိကိုယ်တိုင် Install ပြုလုပ်လိုပါက Internetပေါ်ရှိ www.sidatech.asia မှ Demo Version အား Download ပြုလုပ်၍ မိမိ Phone ပေါ်သို့ ထည့်သွင်းကာ စမ်းသပ်အသုံးပြုနိုင်ကြောင်း၊ စမ်းသပ်ရာတွင် ကြိုက်နှစ်သက်ပြီး ဝယ်ယူလိုပါက ရန်ကုန်မြို့ရှိ စိန်ဂေဟာ စူပါမားကတ်များအားလုံး အပါအဝင် အခြား Cash Drop Off Centerများတွင် ငွေသွင်းကာ Activation Code ကို ရယူနိုင်ကြောင်း၊ ဆိုင်တွင် ထည့်သွင်းလိုသူများအတွက် ရန်ကုန်ရှိ 3 Mobile၊ Araindamar၊ Blu Ray၊ D Corner၊ G Shop၊ Great Mobile၊ Kyaw Brothers၊ Lu Gyi Min၊ Mega Mobile၊ Mobile King၊ Mobile Shopping Mall၊ Mobile Star စသည့် Mobile Phone အရောင်းဆိုင်ကြီးများနှင့် မန္တလေးရှိAny Call၊Mobile Mother၊ Mobile Zone၊ New Any Call၊ Shwe Myanmar၊ WinWin Aung စသည့် Mobile Phone အရောင်းဆိုင်ကြီးများတွင်လည်း လွယ်လွယ်ကူကူ ဝယ်ယူထည့်သွင်းနိုင်ပြီး ထိုဆိုင်များမှ ရောင်းချပေး၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝယ်ယူအသုံးပြုနိုင်

Cash Drop Off Center နှင့် ရောင်းချပေးမည့် Mobile Phone အရောင်းဆိုင်များစာရင်းကို www.sidatech.asia တွင် ကြည့်ရှုနိုင်ကြောင်း စာလုံးရေ ၅၀၀၀၀ ကျော်ပါဝင်သည့် Ubi FindEnglish- Myanmar Dictionary (Pro Version) ကို မြန်မာကျပ်ငွေ ၁၉၀၀၀ဖြင့် ဝယ်ယူနိုင်ပြီး စာလုံးရေ ၂၅၀၀၀ ကျော်ပါဝင်သည့် Ubi Find English- Myanmar Dictionary(Lite Version) ကို မြန်မာကျပ်ငွေ ၉၅၀၀ ဖြင့် ဝယ်ယူအသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် မနော်ဟရီလမ်း အမှတ်(ဖ-၁/၁)နေ ကျန်ရစ်သူမိသားစုက တပ်ကြပ်ကြီးစာရေး(ငြိမ်း) ဦးစိုးမြင့်အောင်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ(ကိုယ်စား)အဖွဲ့ဝင် ဦးမောင်မောင်အောင်၊ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့ လက်ခံယူစဉ်။ (က-ပ)

လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်ဖြင့် (၂)

ကျော်ရဲမင်း

ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးများကို သတိရရင်း လေဘေးသင့် ပြည်သူတွေအတွက် မေလ ၄၊ ၅ရက်ကစပြီး ဇူလိုင်လ ၁၄ရက်နေ့အထိ ဆန်လှူဒါန်းထောက်ပံ့မှုအခြေအနေများကို ပြီးခဲ့တဲ့ ဆောင်းပါးအမှတ်(၁)မှာ ရေးခဲ့ပြီးဖြစ်ပါတယ်။ ယခု အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်မှုနဲ့ပတ်သက်ပြီး လှူဒါန်းထောက်ပံ့မှုအခြေအနေတွေကို ဆက်ပြီးရေးပါဦးမယ်။

ပြောရရင် ပင်လယ်ပိုင်းမှာ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်း နည်းနည်းပဲရှိပါတယ်။ တစ်ခုက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး အခြားတစ်ခုကတော့ ရေလုပ်ငန်းပဲဖြစ်ပါတယ်။ အခြားလုပ်ငန်းတွေအနေနဲ့တော့ ဆားလုပ်ငန်း၊ ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းတို့ ရှိကြပါတယ်။ အဲဒီလုပ်ငန်းတွေကိုမှီပြီး ကုန်သည်စီးပွား အရောင်းအဝယ်လုပ်ငန်းတွေလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြပါတယ်။ လုပ်ငန်းအားဖြင့် ကျွန်တော် လေ့လာမိသလောက် ဒီလောက်ပါပဲ။

သိကြတဲ့အတိုင်း မြစ်ဝကျွန်းပေါ်ဒေသဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ စပါးကျီဖြစ်ပါတယ်။ တကယ်ကို မြေဆီသြဇာကောင်းလှတဲ့ နုန်းတင်မြေနုကျွန်းတွေ ပို့ချစုပုံဖြစ်ထွန်းပြီး မြေကြီးက ရွှေသီးစေတဲ့ ရွှေမြေအစစ် ဖြစ်ပါတယ်။ အလားတူ ငါးစို၊ ငါးစိမ်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် စတဲ့ ရေထွက်ကုန်ပစ္စည်းတွေနဲ့ တစ်နိုင်ငံလုံးက ပြည်သူတွေကို ကျွေးမွေးထားနိုင်လောက်အောင် ရေသယံဇာတ အရင်းအမြစ်ကြွယ်ဝပြီး ရေလုပ်ငန်း အထူးတွင်ကျယ်တဲ့ ဒေသလည်း ဖြစ်ပါတယ်။ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းတွေ၊ ဘုံကျောင်း ကျားပိုက်လုပ်ငန်းတွေ၊ မျှောပိုက်လုပ်ငန်းတွေ၊ ပွေးဖောင်လုပ်ငန်းတွေနဲ့ ရေချိုရေငန် ငါးပုစွန်တွေကို အမိအရဖမ်းပြီး ပြည်တွင်းစားသုံးမှုဖူလုံရုံမျှမက ပြည်ပဝင်ငွေပါ ရှာဖွေပေးနိုင်တဲ့ ဘူမိနက်သန်လည်း ဖြစ်ပါတယ်။

ဒါပေမယ့် အခုအချိန်မှာတော့ နာဂစ်ရဲ့လက်ချက်နဲ့ အတော်များများ ဆုံးရှုံးပျက်စီးသွားခဲ့ပါပြီ။ ပင်လယ်ပိုင်းက လယ်ယာမြေ အမြောက်အမြား ရေငန်ဝင်ရောက်ပျက်စီးခဲ့ရသလို ရေငန်တား တမံတွေလည်း ကျိုးပေါက်ပျက်စီးခဲ့ရပါတယ်။ သိုလှောင်စုဆောင်းထားတဲ့ မျိုးစပါးတွေ၊ ဝမ်းစာစပါးတွေလည်း ရေစို ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ဒါ့အပြင် လယ်သမားကြီးတွေရဲ့ သွေးသောက် ရဲဘော်ရဲဘက်တွေဖြစ်တဲ့ ကျွဲ၊ နွားတွေလည်း အမြောက်အမြား သေကျေပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အလားတူ ရေလုပ်ငန်းပိုင်းမှာလည်း ငါးဖမ်းစက်လှေတွေ၊ ကျားပိုက်၊ မျှောပိုက်ကြီးတွေ၊ ကျားဖောင်တွေ၊ ပွေးဖောင်တွေ၊ ရေစင်တွေ၊ ငါးပိ ငါးခြောက်အလုပ်ရုံတွေ အများကြီး ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အဲဒီ ဆုံးရှုံးပျက်စီးမှုတွေကို ဆက်ပြီးပြောနေရင်တော့ စိတ်မချမ်းသာစရာတွေချည်းပဲ ဖြစ်နေတော့မှာပါ။ စိတ်ချမ်းသာစရာဖြစ်အောင် ကျွန်တော့်ဆွေမျိုးတွေရဲ့ စိတ်ဓာတ်အားမာန်၊ လုပ်အား အားမာန်အကြောင်းတွေ ပြောရရင် မကောင်းပေဘူးလားလို့ စဉ်းစားမိပါတယ်။

မုန်တိုင်းဖြစ်ပြီးခါစ အချိန်တုန်းကတော့ ကျွန်တော့်ဆွေမျိုး အများစုဟာ ဘယ်လိုမှမတတ်သာလို့ ဒုက္ခသည်စခန်းတွေမှာ ယာယီအားဖြင့် အမှီပြု ခိုလှုံခဲ့ကြရမှာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့တွေဟာ သူသူကိုယ်ကိုယ် သူများပေးစာကမ်းစာ မှီခိုစားသောက်ရတဲ့ ဘဝမျိုးကို ဘယ်သူမှ မခံမင်ကြပါဘူး။ ဒါကြောင့်လည်း ခဏတာ ဒုက္ခသည်စခန်းမှာခိုလှုံခဲ့ကြရပေမယ့် ဒုက္ခသည်ဆိုတဲ့ ဘဝမှာ ကြာရှည်နေလိုစိတ်မရှိကြတဲ့ မြစ်ဝကျွန်းပေါ်သားကြီးတွေဟာ ကိုယ့်အား ကိုယ်ကိုးပြီး ကိုယ့်အသက်မွေးဝမ်းကျောင်းအလုပ်ကို ပြန်ပြီးလုပ်ကိုင်ဖို့ အထူးပဲ အားသန်ခဲ့ကြတယ်လို့ ကြားသိရပါတယ်။ ဒါ့အပြင် ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသကိုအစွဲအလမ်းကြီးသလို ကိုယ့်အိမ်ကိုယ့်ယာကိုလည်း အင်မတန်မြတ်နိုးတွယ်တာတတ်သူတွေ ဖြစ်ကြပြန်လေတော့ အခြေအနေ အခွင့်သာတာနဲ့ ကိုယ့်အိမ်ကိုယ့်ယာပြန်ပြီး ကိုယ့်လုပ်ငန်းလေးတွေကို ပြန်စကြသူတွေချည်းပါပဲ။ **ကိုယ့်လက်ကိုယ့်ခြေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းပြီး ကိုယ့်အသိုက်အမြုံကို ပြန်လည်ထူထောင်မယ်ဆိုတဲ့ ခံယူချက်မျိုးရှိကြတာဟာ အလွန်ပဲ အထင်ကြီး လေးစားစရာကောင်းပါတယ်။ ဒီလိုစိတ်ဓာတ်ခွန်အားနဲ့ ခံယူချက် အသိမြင့်မားကြသူတွေဖြစ်တဲ့အတွက် နိုင်ငံတော်အပါအဝင် ပြည်တွင်းပြည်ပ အလှူရှင်များရဲ့ ကူညီ လှူဒါန်းပံ့ပိုးမှုတွေနဲ့ ပေါင်းလိုက်တဲ့အချိန်မှာ ဒေသတစ်ခုလုံးဟာ ချက်ချင်းကိုနိုးထ သက်ဝင်လှုပ်ရှားလာခဲ့တာပါပဲ။**

နောက်တစ်ချက်က မြစ်ဝကျွန်းပေါ်သား ကျွန်တော့်ဆွေမျိုးတွေဟာ အရိုးခံသဘောနဲ့ တစ်မျိုးဉာဏ်မနောတဲ့ တောသူတောင်သားတွေ ဖြစ်ကြပါတယ်။ ကိုယ့်ရဲ့ မိရိုးဖလာလုပ်ငန်းကို အလွန်ပဲ သံယောဇဉ်ကြီးကြပါတယ်။ လယ်သမားက တောင်ဆီမှာ မိုးကလေးညို့လာပြီဆိုရင် ထွန်တုံးကလေးပြင်ပြီး လယ်ထဲဆင်းဖို့ ဖင်တကြွကြွဖြစ်နေမှာဖြစ်သလို ငါးသမားကလည်း မိုးကလေးများစွေပြီဆိုရင်ဖြင့် ဒို့ချောင်းထဲမှာ ဘာငါးတွေဖြင့် မြူးကြတော့မယ်ဆိုပြီး ပိုက်ကလေးမျှော၊ ကွန်ကလေးပစ်ဖို့ ဟန်တပြင်ပြင်ဖြစ်နေကြမှာ အမှန်ပါပဲ။ အခုတော့ သူတို့ရဲ့ဆန္ဒတွေ ပြည့်လောက်ပြီထင်ပါတယ်။ တကယ်တော့လည်း ဒုက္ခသည်စခန်းဆိုတာ တစ်သက်လုံးနေထိုင်နိုင်မှာ မဟုတ်တဲ့အတွက် တစ်ချိန်ချိန်မှာတော့ နေရပ်ကိုပြန်ပြီး ကိုယ့်အိုး၊ ကိုယ့်အိမ်၊ ကိုယ့်လုပ်ငန်းကို ပြန်ထူထောင်ကြရမှာပါပဲ။ နောင်ကျရင်လည်း မဖြစ်မနေလုပ်ရမယ့် အလုပ်တစ်ခုကို အခုကတည်းက စောစောစီးစီး ရင်ဆိုင်ဖြေရှင်း ဆောင်ရွက်လိုက်တာ မှန်တယ်လို့ ယူဆမိပါတယ်။

ကျွန်တော် ပင်လယ်ပိုင်းမှာ ကျင်လည်ကျက်စားနေရတုန်းက ရွာစဉ်တောတန်းစုံအောင် အတော်လေး နှံ့ခဲ့တာပါ။ ချောင်းရိုးမြောင်းရိုးအတိုင်း ပဲ့ထောင်စီးနေရင်း ညောင်းလို့ညာလို့ ပဲ့ထောင်ကမ်းကပ်ပြီး နီးရာကမ်းပေါ်တက်လိုက်တာနဲ့ မြင်လိုက်ရတဲ့ ကွင်းကြီးတွေက တစ်မျှော်တစ်ခေါ်ပါ။ ရွာမဟုတ်တဲ့နေရာဆိုရင် မြင်ကွင်းက သုံးမျိုးပဲ ရှိတတ်ပါတယ်။ ဆားကွင်းဖြစ်ရင်ဖြစ်၊ ပုစွန်ကန်ဖြစ်ရင်ဖြစ်၊ ဒီနှစ်ခုမဟုတ်ရင် အများစုကတော့ လယ်ကွင်းတွေ၊ စပါးခင်းတွေပါပဲ။ ကိန်းဂဏန်းနဲ့ ကျွန်တော် မပြောနိုင်ပေမယ့် ရှုမဆုံးနိုင်လောက်အောင် စိမ်းနုပျိုလွှင်နေတဲ့ စပါးခင်းတွေ၊ စိမ်းရင့်ညို့မှောင်နေတဲ့ စပါးခင်းတွေ၊ ရွှေအိုရောင် ရင့်မှည့်နေတဲ့ စပါးခင်းတွေ၊ ကောက်လှိုင်းပုံကြီးတွေ၊ ကောက်ရိုးပုံကြီးတွေ ဟည်းထနေတဲ့ ရိုးပြတ်ကွင်းတွေ စသဖြင့် ကျွန်တော့်မြင်ကွင်းထဲမှာ သိမှတ်စိတ်နဲ့ အကြိမ်ကြိမ်ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေလည်း အများကြီးပါ။ လယ်တဲတွေမှာ နေထိုင်ကြပြီး ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ အသက်မွေးဝမ်းကျောင်းနေကြတဲ့ လယ်သမား မိသားစုတွေနဲ့လည်း ရောက်တုန်းရောက်ခိုက် မိတ်ဆွေဖြစ်ပြီး ရင်းရင်းနှီးနှီးလည်း ရှိခဲ့ကြပါတယ်။

လယ်ယာလုပ်ငန်းက စီးပွားဖြစ်ထွန်းလေတော့ အဲဒီလုပ်ငန်းကို အမှီပြုပြီး စပါးသိုလှောင်တဲ့ လုပ်ငန်းတွေ၊ ကြိတ်ခွဲတဲ့ ဆန်စက်လုပ်ငန်းတွေလည်း အပြိုင်အဆိုင်ထွန်းကား ဖွံ့ဖြိုးခဲ့ပါတယ်။ တန် ၁၀၀၊ တန် ၅၀ ဆန်စက်ကြီးတွေကစပြီး ဟာလာစက်တွေအထိ မြစ်ချောင်းကမ်းနံဘေးတွေမှာ မီးခိုးတလူလူနဲ့ မြင်ခဲ့တွေ့ခဲ့ရတာလည်း အားရစရာကြီးပါပဲ။ လယ်တွေကတော့ တစ်ပိုင်တစ်နိုင် ငါးဧက၊ ၁၀ဧက၊ ဧက၂၀ စသဖြင့် ပိုင်သူတွေရှိသလို ဧက၃၀၀၊ ၄၀၀လောက် ပိုင်ကြသူတွေလည်း မနည်းလှပါဘူး။ လှိုင်းဘုန်းက အမေကြီးတစ်ဦးဆို သူပိုင်တဲ့ လယ်တွေက ဘယ်လောက်တောင်များသလဲဆိုရင် လှိုင်းဘုန်းကနေ မနက်မိုးမလင်းခင် ပဲ့ထောင်နဲ့ စထွက်ပြီး သူပိုင်တဲ့ ဇရိယာကြီးကို ချောင်းရိုးမြောင်းရိုးအတိုင်း တစ်နေကုန်မောင်းပြီး မိုးစုပ်စုပ်ချုပ်တဲ့အထိ ပတ်ရင်တောင် တစ်ပတ်မပတ်မိနိုင်ဘူးလို့ ကြားခဲ့ဖူးပါတယ်။ အဲဒီလို လုပ်ငန်းရှင်ကြီးတွေမှာ လယ်သူရင်းငှားတွေ၊ သီးစားချထားတဲ့ လုပ်သားတွေ အများကြီးရှိကြပါတယ်။ ဘာပဲဖြစ်ဖြစ် တစ်ချိန်တုန်းကတော့ ငွေနည်းနည်းရှိလို့ စပါးပေးလေး ပေးထားရင်တောင် အဆင်ပြေနိုင်တဲ့ ရေခံမြေခံကောင်းလှတဲ့ ဒေသမျိုးပါ။

အခု အချိန်မှာတော့ မုန်တိုင်းရဲ့ ဆိုးရွားကြမ်းကြုတ်ရက်စက်မှုတွေက အားလုံးကို ပြိုလဲပျက်စီးစေခဲ့ပါပြီ။ ဒါပေမယ့် ဒါကလည်း အခိုက်အတန့်သာ ဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းသားတွေဟာ ဘယ်အရာကိုမှ လွယ်လွယ်နဲ့ အရှုံးမပေးတတ်ကြပါဘူး။ အလားတူ နိုင်ငံတော်နဲ့ ကျန်တဲ့မြန်မာပြည်သူတစ်ရပ်လုံးကလည်း သူတို့ကို လျစ်လျူရှု မထားခဲ့ကြပါဘူး။ အခုဆိုရင် နိုင်ငံတော်နဲ့ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးရဲ့ ကူညီပံ့ပိုးမှု၊ နိုင်ငံတကာ အလှူရှင်များရဲ့ ကူညီအားပေးမှုများနဲ့ အရာအားလုံးဟာ ပြန်လည်ရုန်းထ ရှင်သန်လှုပ်ရှားနေကြပါပြီ။ မုန်တိုင်းပြီးခါစ ကာလတွေတုန်းက အပြိုအပျက်ပုံကြီးတွေကိုကြည့်ရင်း ပြန်ပြီးနာလန်ထဖို့ အချိန်အများကြီးယူရလိမ့်ဦးမယ်လို့ ဆိုသူတွေက ဆိုခဲ့ကြပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း သူတို့ပြောသလောက် အချိန်အကြာကြီးမဟုတ်တောင် အခုလောက်အထိ မြန်မြန်ဆန်ဆန်ကြီး ပြန်ပြီးနိုးထ ရှင်သန်လာမယ်လို့ မမျှော်လင့်ခဲ့ရိုး အမှန်ပါ။ အခုတော့ ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးတွေရဲ့ အားမာန်သတ္တိနဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတွေကို ကျွန်တော်တို့ တကယ်ပဲ အထင်ကြီး လေးစားခဲ့ရပါပြီ။

မူလကတည်းက စိတ်ဓာတ်အားမာန်၊ လုပ်အား အားမာန်တွေ နိုးကြားထက်သန်နေတဲ့ လေဘေးသင့် လယ်ယာလုပ်သားကြီးတွေအတွက် နိုင်ငံတော်နဲ့ ပြည်တွင်းပြည်ပ အလှူရှင်များရဲ့ လှူဒါန်းကူညီပံ့ပိုးမှုများက အများကြီး အထောက်အကူဖြစ်စေခဲ့ပါတယ်။ လေဘေးသင့် လယ်သမားကြီးများအတွက် ၁၉-၇-၂၀၀၈ရက်နေ့အထိ စာရင်းများကို ကြည့်မယ်ဆိုရင် ကျွဲ၊ နွားပေါင်း ၂၈၁၃ကောင် လှူဒါန်းခဲ့ရာမှာ နိုင်ငံတော်က ကျွဲ ၁၇၈၅ကောင်၊ နွား ၄၃၃ကောင်၊ ပြည်တွင်းလုပ်ငန်း ကုမ္ပဏီများမှ နွားအကောင် ၉၀၊ ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများမှ ကျွဲ ၅၀၅ကောင် ဖြစ်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းနိုင်ရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုးနဲ့ ဒေသအလိုက် ထွန်စက်စခန်းတွေ ဖွင့်လှစ်ပေးထားတဲ့အပြင် ထွန်စက်ကြီး သုံးစီးနဲ့ လက်တွန်းထွန်စက် ၈၅၄၆စီးကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အဲဒီထောက်ပံ့မှုတွေမှာ နိုင်ငံတော်က လက်တွန်းထွန်စက် ၆၄၇၃စီး၊ ပြည်တွင်းပြည်ပ လုပ်ငန်းကုမ္ပဏီများနဲ့ ရဟန်းရှင်လူ ပုဂ္ဂလိက စေတနာရှင်များက လယ်ထွန်စက်ကြီး သုံးစီး၊ လက်တွန်းထွန်စက် ၁၇၅၇စီး၊ ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများက လက်တွန်းထွန်စက် ၃၁၆စီး လှူဒါန်းခဲ့ကြတာကို တွေ့ရှိရပါတယ်။

မျိုးစပါးအနေနဲ့လည်း တင်းပေါင်း ၉၇၈၇၈၂တင်း ထောက်ပံ့လှူဒါန်းခဲ့ရာမှာ နိုင်ငံတော်က ၆၂၉၈၅၂ဒသမ ၅တင်း၊ ပြည်တွင်းမှ လုပ်ငန်းကုမ္ပဏီများနဲ့ ရဟန်းရှင်လူ ပုဂ္ဂလိက စေတနာရှင်များက ၇၄၄၁၆ဒသမ ၅တင်း၊ ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများက ၂၇၄၅၁၃တင်း စသဖြင့် အသီးသီး ထောက်ပံ့လှူဒါန်းခဲ့ကြပါတယ်။ ပြည်တွင်းမှ ပုဂ္ဂလိက လုပ်ငန်းကုမ္ပဏီကြီးများနဲ့ ရဟန်းရှင်လူ ပုဂ္ဂလိက စေတနာရှင်များကလည်း

မြစ်ဝကျွန်းပေါ်ဒေသဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ စပါးကျီဖြစ်ပါတယ်။ တကယ်ကို မြေဆီသြဇာကောင်းလှတဲ့ နုန်းတင်မြေနုကျွန်းတွေ ပို့ချစုပုံဖြစ်ထွန်းပြီး မြေကြီးကရွှေသီးစေတဲ့ ရွှေမြေအစစ်ဖြစ်ပါတယ်။ အလားတူ ငါးစို၊ ငါးစိမ်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် စတဲ့ ရေထွက်ကုန်ပစ္စည်းတွေနဲ့ တစ်နိုင်ငံလုံးက ပြည်သူတွေကို ကျွေးမွေးထားနိုင်လောက်အောင် ရေသယံဇာတအရင်းအမြစ်ကြွယ်ဝပြီး ရေလုပ်ငန်း အထူးတွင်ကျယ်တဲ့ ဒေသလည်းဖြစ်ပါတယ်။ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းတွေ၊ ဘုံကျောင်းကျားပိုက်လုပ်ငန်းတွေ၊ မျှောပိုက်လုပ်ငန်းတွေ၊ ပွေးဖောင်လုပ်ငန်းတွေနဲ့ ရေချိုရေငန် ငါးပုစွန်တွေကို အမိအရဖမ်းပြီး ပြည်တွင်းစားသုံးမှု ဖူလုံရုံမျှမက ပြည်ပဝင်ငွေပါ ရှာဖွေပေးနိုင်တဲ့ ဘူမိနက်သန်လည်း ဖြစ်ပါတယ်။

**မြစ်ဝကျွန်းပေါ် ပင်…
တွေဟာ ဘယ်အရာကိုမှ…
အရှုံးမပေးတတ်ကြပါဘူ…
နိုင်ငံတော်နဲ့ ကျန်တဲ့…
တစ်ရပ်လုံးကလည်း သူတို…
ရှုမထားခဲ့ကြပါဘူး။
နိုင်ငံတော်နဲ့ ရဟန်းရှင်…
တစ်ရပ်လုံးရဲ့ ကူညီပံ့ပိုး…
အလှူရှင်များရဲ့ ကူညီ…
များနဲ့ အရာအားလုံးဟာ…
ရုန်းထရှင်သန် လှုပ်ရှား…**

ဓာတ်မြေသြဇာ၊ ရေစုပ်စက်၊ ဟင်းသီးဟင်းရွက်…
ပိုးသတ်ဆေးတို့အထိ တတ်စွမ်းသမျှ ထောင့်…
ကူညီခဲ့ကြပါတယ်။ ဒါ့အပြင် စိုက်ပျိုးလုပ်ကို…
စိုက်ပျိုးစရိတ် ချေးငွေများကိုလည်း နိုင်ငံတော…
ထုတ်ချေးပေးလျက် ရှိပါတယ်။ ဒီလို အဘက…
အတွက် အခုဆိုရင် လေဘေးသင့် မြို့နယ်များမှ…
၈သန်းရှိတဲ့အနက် ၁ဒသမ ၄သန်းကျော် (ရာ…
နှုန်း) ထွန်ယက်ပြီးဖြစ်သလို ဧက ၁ဒသမ ၁…
၆၀ ရာခိုင်နှုန်း)ကျော် စိုက်ပျိုးပြီးဖြစ်တယ်လို့…
ရာနှုန်းပြည့် ထွန်ယက်စိုက်ပျိုးပြီးစီးမှာဖြစ်ပြီး…
စိုက်ပျိုးထုတ်လုပ်မှုဟာ ပုံမှန်အတိုင်း ပြန်ဖြစ်…
ဆိုနိုင်ပါတယ်။

ရေလုပ်ငန်းပိုင်းနဲ့ပတ်သက်ပြီး ပြောချင်…
ဒေသဆိုတာ အနိမ့်ဆုံး လှေတစ်စင်း၊ ပိုက်တစ်…
နေရေးအတွက် မပူပင် မကြောင့်ကြဘဲ သက်…
ဖြစ်ပါတယ်။ မူလတုန်းကတော့ ငါးဖမ်းဝါ…
ငါးပေါင်းလှေတွေ၊ မျှောပိုက်လှေကြီးတွေ ဥဒဟို…
နေတဲ့ အနေအထားမျိုးပါ။ ဖျာပုံ၊ ဘိုကလေးဘက်…
ပိုက်လုပ်ငန်း အထူးကို ခေတ်ကောင်းခဲ့ပြီး ပင်…
တွေ တစ်မျှော်တစ်ခေါ် ရှုမဆုံးအောင် ပြည့်နှ…
အမာ၊ ကြိမ်ချောင်းကြီး တစ်ဝိုက်မှာဆိုရင်လ…
ပုစွန်ဆိတ် သေးသေးလေးတွေကို ဝဲယာလက်တ…
ဖမ်းတဲ့ ပွေးဖောင်တွေက ရေကြောင်းတစ်လျှော…
ချင်ပါဘူး။ ဟိုင်းကြီးကျွန်း၊ ပြင်ခရိုင်၊ ချော…
ဘက်က ပိုက်ကြီးလှေအုပ်စုတွေကလည်း အ…
ထွက်ချိန်ဆိုရင် ပုရွက်ဆိတ်တန်းကြီး သွားနေသ…
နေတဲ့ ပင်လယ်ပိုင်းက ရေလုပ်ငန်း အခြေ…
ဖောက်သည်ချရခြင်း ဖြစ်ပါတယ်။

အခုတော့ အခြေအနေတွေဟာ အများ…
ဒီရေလှိုင်းကြီးတွေကြောင့် သင်္ဘောကြီးတွေ…
ကြီး ရောက်ရှိသွားတဲ့အခြေအနေမျိုးမှာ ဝါး…
ပိုက်ကြီးလှေ၊ ငါးပေါင်းလှေ၊ ကျားဖောင်၊ …
လိုင်းကောင်၊ ပဲ့ထောင် စသဖြင့် ရေနဲ့ပတ်သက်…
များများ ပျက်စီးပြီး ရေအောက်ကိုရောက်ခဲ့ကြ…
ငါးဖမ်းပိုက်တွေလည်း ပျောက်ဆုံးပျက်စီးခဲ့ရပါ…
ပေါင်းများစွာလည်း ပျက်စီးခဲ့ရပါတယ်။ ဒါပေမ…
ဒီအတိုင်း ထိုင်ကြည့်နေလို့ကတော့ ဘာမှဖြ…

မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းသားတွေဟာ ဘယ်အရာကိုမှ လွယ်လွယ်နဲ့ အရှုံးမပေးတတ်ကြပါဘူး။ အလားတူ နိုင်ငံတော်နဲ့ ကျန်တဲ့ မြန်မာပြည်သူ တစ်ရပ်လုံးကလည်း သူတို့ကိုလျစ်လျူရှုမထားခဲ့ကြပါဘူး။ အခုဆိုရင် နိုင်ငံတော်နဲ့ ရပ်ကွက်ရှင်လှူ ပြည်သူ တစ်ရပ်လုံးရဲ့ ကူညီပံ့ပိုးမှု၊ နိုင်ငံတကာ အလှူရှင်များရဲ့ ကူညီ အားပေးမှုများနဲ့ အရာအားလုံးဟာ ပြန်လည် ရှန်းထရှင်သန် လှုပ်ရှားနေကြပါပြီ။

ဓာတ်မြေသြဇာ၊ ရေစုပ်စက်၊ ဟင်းသီးဟင်းရွက်မျိုးစေ့၊ ရွက်ဖျန်းမြေသြဇာ၊ ပိုးသတ်ဆေးတို့အထိ တတ်စွမ်းသမျှ ထောင့်စေ့အောင် ထောက်ပံ့လှူဒါန်း ကူညီခဲ့ကြပါတယ်။ ဒါ့အပြင် စိုက်ပျိုးလုပ်ကိုင်မယ့် လယ်ဧကအလိုက် စိုက်ပျိုးစရိတ် ချေးငွေများကိုလည်း နိုင်ငံတော်က စာရင်းမှတ်စနစ်ဖြင့် ထုတ်ချေးပေးလျက် ရှိပါတယ်။ ဒီလို အဘက်ဘက်က ပံ့ပိုးကူညီခဲ့တဲ့ အတွက် အခုဆိုရင် လေဘေးသင့် မြို့နယ်များမှာ စပါးစိုက်ဧက ၁ဒသမ ၈သန်းရှိတဲ့အနက် ၁ဒသမ ၄သန်းကျော် (ရာခိုင်နှုန်းအားဖြင့် ၇၆ရာခိုင်နှုန်း) ထွန်ယက်ပြီးဖြစ်သလို ဧက ၁ဒသမ ၁၄သန်း (ရာခိုင်နှုန်းအားဖြင့် ၆၀ရာခိုင်နှုန်း)ကျော် စိုက်ပျိုးပြီးဖြစ်တယ်လို့ သိရပါတယ်။ မကြာမီမှာ ရာနှုန်းပြည့် ထွန်ယက်စိုက်ပျိုးပြီးစီးမှာဖြစ်ပြီး ဒီဒေသများရဲ့ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုဟာ ပုံမှန်အတိုင်း ပြန်ဖြစ်လာဖို့ မဝေးတော့ဘူးလို့ ဆိုနိုင်ပါတယ်။

ရေလုပ်ငန်းပိုင်းနဲ့ပတ်သက်ပြီး ပြောချင်ပါသေးတယ်။ ပင်လယ်ပိုင်းဒေသဆိုတာ အနိမ့်ဆုံး လှေတစ်စင်း၊ ပိုက်တစ်ဖုံရှိရင် မိသားစု စားဝတ်နေရေးအတွက် မပူပင် မကြောင့်ကြဘဲ သက်မွေးနေထိုင်နိုင်တဲ့ ဒေသမျိုးဖြစ်ပါတယ်။ မူလတုန်းကတော့ ငါးဖမ်းဝါးလတ် ဝါးတန်းလှေတွေ၊ ငါးပေါင်းလှေတွေ၊ မျှောပိုက်လှေကြီးတွေ ဥဒဟို ဝင်ထွက်သွားလာ လုပ်ကိုင်နေတဲ့ အနေအထားမျိုးပါ။ ဖျာပုံ၊ ဘိုကလေးဘက်မှာဆိုရင် ဘုံကျောင်းကျားပိုက်လုပ်ငန်း အထူးကို ခေတ်ကောင်းခဲ့ပြီး ပင်လယ်ဝမှာ ကျားပိုက်ဖောင်တွေ တစ်မျှော်တစ်ခေါ် ရှုမဆုံးအောင် ပြည့်နှက်နေခဲ့တာပါ။ ကဒုံကနိ၊ အမာ၊ ကြိမ်ချောင်းကြီး တစ်ဝိုက်မှာဆိုရင်လည်း "ငွေး"လို့ ခေါ်တဲ့ ပုစွန်ဆိတ် သေးသေးလေးတွေကို ဝဲယာလက်တံနှစ်ဖက်မှာ ပိုက်အိတ်ချပြီး ဖမ်းတဲ့ ငွေးဖောင်တွေက ရေကြောင်းတစ်လျှောက် ရှောင်လို့တောင် မလွတ်ချင်ပါဘူး။ ဟိုင်းကြီးကျွန်း၊ ပြင်ခရိုင်၊ ချောင်းဝ၊ စလူဆိပ်၊ ပြင်စလူဘက်က ပိုက်ကြီးလှေအုပ်စုတွေကလည်း အထိအမိများလို့ သူတို့ဝင်ချိန်ထွက်ချိန်ဆိုရင် ပုရွက်ဆိတ်တန်းကြီး သွားနေသလိုပါပဲ။ ကျွန်တော် မှတ်မိနေတဲ့ ပင်လယ်ပိုင်းက ရေလုပ်ငန်း အခြေအနေကို မြင်သာအောင် ဖောက်သည်ချရခြင်း ဖြစ်ပါတယ်။

အခုတော့ အခြေအနေတွေဟာ အများကြီး ပြောင်းလဲသွားခဲ့ပါပြီ။ ဒီရေလှိုင်းကြီးတွေကြောင့် သင်္ဘောကြီးတွေတောင် ကုန်းပေါ်ကို ထီးထီးကြီး ရောက်ရှိသွားတဲ့အခြေအနေမျိုးမှာ ဝါးတန်း၊ ဝါးလတ်က စလို့ ပိုက်ကြီးလှေ၊ ငါးပေါင်းလှေ၊ ကျားဖောင်၊ ငွေးဖောင်၊ ချွန်း၊ ဖားကူး၊ လိုင်းကောင်၊ ပဲ့ထောင် စသဖြင့် ရေနဲ့ပတ်သက်တဲ့ အရင်းအမြစ် တော်တော်များများ ပျက်စီးပြီး ရေအောက်ကိုရောက်ခဲ့ကြရပါတယ်။ မျိုးစုံလှစွာသော ငါးဖမ်းပိုက်တွေလည်း ပျောက်ဆုံးပျက်စီးခဲ့ရပါတယ်။ ငါးကန်၊ ပုစွန်ကန်ပေါင်းများစွာလည်း ပျက်စီးခဲ့ရပါတယ်။ ဒါပေမယ့် ဒီပျက်စီးဆုံးရှုံးမှုတွေကို ဒီအတိုင်း ထိုင်ကြည့်နေလို့ကတော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။

ကျွန်တော့်ဆွေမျိုးများကလည်း လောကဓံတရားကို ခေါင်းငုံ့ လက်မြှောက် အရှုံးမပေးခဲ့ကြပါဘူး။

ရေလုပ်ငန်းသမားတွေဟာ အကြမ်းပတမ်းခံနိုင်ပြီး တကယ်ကို မာကျောကြသူတွေ ဖြစ်ပါတယ်။ ပင်ပန်းဆင်းရဲမှုဒဏ်ကို လုံးဝဂရုမထားတတ်တဲ့၊ စွန့်လွှတ်စွန့်စားရဲတဲ့ စိတ်ဓာတ်ကြံ့ခိုင်ကြသူများလည်း ဖြစ်ကြပါတယ်။ လှေတစ်စင်းနဲ့ ပိုက်တစ်ဖုံသာရှိရင် ဒီမြစ်ဒီချောင်း စီးဆင်းရစ်ခွေနေသရွေ့ ဘာကိုမှ မမှုဘူးဆိုတဲ့ သူမျိုးတွေပါ။ အဲဒီလို ကိုယ်ရောစိတ်ပါ ကြံ့ခိုင်မာကျောသူများအတွက် နိုင်ငံတော်နဲ့ ပြည်တွင်းပြည်ပ ထောက်ပံ့ကူညီလှူဒါန်းမှုများက ဘဝအသစ်ကို ပြန်လည်မွေးဖွားပေးနိုင်ခဲ့ပါပြီ။

ကျွန်တော် မှတ်သားမိသလောက်ပြောရရင် လုပ်ငန်းကြီးသမားများ အနေနဲ့ နစ်မြုပ်ဆုံးရှုံးခဲ့တဲ့ ငါးဖမ်းလှေကြီး၊ လှေငယ်များကို သက်ဆိုင်ရာ ဌာနများရဲ့ အကူအညီနဲ့ ပြန်လည်ဖော်ယူ၊ ပြန်လည်ပြုပြင်ပြီး ငါးဖမ်းလုပ်ငန်းတွေ ပြန်စနေကြပါပြီ။ လုပ်ငန်းငယ်သမားတွေအတွက်လည်း နိုင်ငံတော်က အဓိကတာဝန်ယူပြီး ထောက်ပံ့ကူညီမှုတွေ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ၁၉-၇-၂၀၀၈ ရက်နေ့အထိ ငါးဖမ်းလှေပေါင်း အစင်း ၃၁၉၀ ကူညီထောက်ပံ့ပေးခဲ့ရာမှာ နိုင်ငံတော်အပိုင်းက ၃၁၁၇ စင်း၊ ပြည်တွင်းလုပ်ငန်းကုမ္ပဏီကြီးများနဲ့ ပုဂ္ဂလိက စေတနာရှင်များက ၂၃စင်း၊ ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများက အစင်း ၅၀ဖြစ်ပါတယ်။ ငါးဖမ်းလှေများဟာ ဦးချွန်းပဲ့ချွန်းလှေ အလျား ၂၁ပေရှိပြီး မြင်းကောင်ရေ ၆ဒသမ ၅ဓာတ်ဆီအင်ဂျင် တပ်ဆင်အသုံးပြုနိုင်ပါတယ်။ ငါးဖမ်းလှေများကို တည်ဆောက်နိုင်ဖို့အတွက် နိုင်ငံတော်က ရန်ကုန်၊ ဖျာပုံ၊ အိမ်မဲ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ မြောင်းမြ၊ ပုသိမ် စတဲ့ မြို့များမှာ လှေတည်ဆောက်ရေးအလုပ်ရုံများ ဖွင့်လှစ်ပြီး ကျွမ်းကျင် ပညာရှင်များနဲ့ တည်ဆောက်ပေးခဲ့တာ ဖြစ်ပါတယ်။ ဆက်လက်ပြီး လှေအစင်းရေပေါင်း ၉၅၀၀အထိ တည်ဆောက်ပေးသွားဖို့ရှိကြောင်း သိရှိရပါတယ်။

အဲဒီလှေများမှာ တပ်ဆင်အသုံးပြုနိုင်ဖို့အတွက် မြင်းကောင်ရေ ၆ဒသမ၅ အင်ဂျင်အလုံးပေါင်း ၆၀၀၀အထိ ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လောလောဆယ်မှာ နိုင်ငံတော်က အင်ဂျင် ၂၄၅၅လုံး ထောက်ပံ့ခဲ့ပြီး ဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်းကုမ္ပဏီကြီးများနဲ့ ပုဂ္ဂလိက စေတနာရှင်များ၊ ပြည်ပနိုင်ငံနဲ့ အဖွဲ့အစည်းများအနေနဲ့ အင်ဂျင်စက်ထောက်ပံ့မှု မတွေ့ရှိရသေးပါဘူး။ ငါးဖမ်းပိုက်အနေနဲ့လည်း ကျားပိုက်ကြီးမှစပြီး ဘဝန်းပိုက်၊ သုံးထပ်မျှောပိုက်၊ ငါးသလောက်မျှောပိုက်၊ ကွင်းတားပိုက်အပါအဝင် လက်ပစ်ကွန်နှင့် ရင်တွန်း/ဂေါ်ထိုး ပိုက်များအထိ လိုအပ်မှုအလိုက် ပံ့ပိုးပေးခဲ့ကြပါတယ်။ စာရင်းများအရ ငါးဖမ်းပိုက်မျိုးစုံ ၁၂၇၀၉ ဖုံ ထောက်ပံ့ပေးခဲ့ရာမှာ နိုင်ငံတော်မှ ၃၁၀၃ ဖုံနဲ့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ၉၆၀၆ ဖုံဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ဆက်စပ်ပစ္စည်းတွေဖြစ်တဲ့ ကြိုး၊ ဖော့သီး၊ ခဲသီးများကိုပါ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ စက်သုံးဆီများကိုလည်း စာရင်းမှတ်စနစ်နဲ့ အဆင်ပြေအောင် ပံ့ပိုးထူထောင်ပေးသွားမှာ ဖြစ်ပါတယ်။

အခုချိန်မှာ ဆားလုပ်ငန်းသမားတွေအတွက် ရာသီချိန်မဟုတ်သေးပါဘူး။ သို့သော် ဆားကွင်းတွေ ပြန်လည်ဆောင်ရွက်နိုင်ဖို့ ရေငန်တားတမံတွေ အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးနေသလို ရာသီချိန်ကျရင် လုပ်ငန်းအတွက် လိုအပ်တဲ့ အဆောက်အအုံနဲ့ ပစ္စည်းများ ပြန်လည်မတည်နိုင်ဖို့ ငွေကြေးထောက်ပံ့မှုအစီအမံများ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ နိုင်ငံတော်အပိုင်းက ကိုယ့်ပြည်သူတွေအတွက် လုပ်ပေးနိုင်တာ အားလုံးမချွင်းမချန် လုပ်ပေးနေတာပါပဲ။ လယ်လုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းတွေအပြင် ကုန်သည်ဈေးသည်များအတွက်ပါ စာရင်းမှတ်စနစ်ဖြင့် မတည်ငွေများ ထုတ်ပေးလျက်ရှိပါတယ်။ ဈေးဆိုင်ဖွင့် ရောင်းချသူတွေအတွက် ကျပ်ငါးသိန်းမှ ၁၅သိန်းအထိ၊ ဆန်ရောင်းချသူတွေအတွက် ကျပ် ၁၅သိန်းအထိ မတည်ငွေများကို စာရင်းမှတ်စနစ်နဲ့ ထုတ်ပေးပြီး အချိန်တိုအတွင်း လုပ်ငန်းတွေ ပြန်လည်ထူထောင် ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးနေတယ်လို့လည်း သိရပါတယ်။

ကျွန်တော့်ဆွေမျိုးများရဲ့ မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းဒေသဟာ တစ်ချိန်တုန်းက အလွန်သာယာပျော်ရွှင်ဖို့ကောင်းတဲ့ နေချင်စဖွယ် နိဗ္ဗာန်ဘုံကလေးဖြစ်ပါတယ်။ အခုတော့ အဲဒီနိဗ္ဗာန်ဘုံကလေးကို ပြန်လည်ထူထောင်တည်ဆောက်နိုင်ဖို့ အားလုံးက ဝိုင်းဝန်းကြိုးပမ်း ပံ့ပိုး ကူညီစောင့်ရှောက်နေကြရပါတယ်။ အခုကျွန်တော်တင်ပြခဲ့တဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်မှုအတွက် လှူဒါန်းထောက်ပံ့ကူညီမှုတွေကို ပြန်သုံးသပ်ကြည့်ရင် နိုင်ငံတော်အပိုင်းက အဓိကကျလှုပြီး ပြည်တွင်းမှ ကုမ္ပဏီကြီးများ၊ ရပ်ကွက်ရှင်လှူ ပုဂ္ဂလိက စေတနာရှင်များရဲ့ အခန်းကဏ္ဍကလည်း မသေးလှကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိပါတယ်။ ကျွန်တော်တို့အားလုံးအနေနဲ့ လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်ဖြင့် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်ကြမှသာ မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးများရဲ့ နိဗ္ဗာန်ဘုံကလေးကို အမြန်ဆုံး ပြန်လည်တွေ့မြင်ရမှာဖြစ်ကြောင်း အားပေး တိုက်တွန်းလိုက်ပါတယ်။ ။

စိုက်ပျိုးရေးလုပ်ငန်းအထောက်အကူပစ္စည်းများ ထောက်ပံ့မှု၊ လှူဒါန်းမှုစာရင်းချုပ်

(၁၉-၇-၂၀၀၈ အထိ)

စဉ်	လှူဒါန်းသူ	ကျွဲ	နွား	လယ်ထွန်စက် (စီး)	လက်တွန်းထွန်စက် (စီး)	မျိုးစပါး (တင်း)	ဓာတ်မြေသြဇာ (အိတ်)	ရေစုပ်စက် (စုံ)	ဟင်းသီးဟင်းရွက် မျိုးစေ့	ရွက်ဖျန်းမြေသြဇာ (ပုလင်း)	ပိုးသတ်ဆေး (ပုလင်း)
၁။	နိုင်ငံတော်	၁၇၈၅	၄၃၃		*၆၄၇၇	***၆၂၈၅၂·၅		၁၃၀			
၂။	ပြည်တွင်းမှလုပ်ငန်းကုမ္ပဏီကြီးများ၊ ရပ်ကွက်ရှင်လှူပုဂ္ဂလိကစေတနာရှင်များ		၉၀	၃	၁၀၅၇ **၇၀၀	၇၄၄၁၆·၅	၅၉၄	၂၃	၁၉၄ ဗာ ၂၄၀၀ကီလို	၈၁၂၃	၂၄၃၈၀
၃။	ပြည်ပနိုင်ငံနှင့်အဖွဲ့အစည်းများ	၅၀၅	-		၃၁၆	၂၇၄၅၁၃					
	စုစုပေါင်း	၂၈၁၃		၃	၈၅၄၆	၉၇၈၇၈၂	၅၉၄	၁၅၃	၁၉၄ ဗာ ၂၄၀၀ကီလို	၈၁၂၃	၂၄၃၈၀

မှတ်ချက်

* နိုင်ငံတော်မှ စာရင်းမှတ်စနစ်ဖြင့် ထုတ်ပေးခြင်းဖြစ်ပါသည်။

** ကုမ္ပဏီမှ စာရင်းမှတ်စနစ်ဖြင့် ထုတ်ပေးခြင်းဖြစ်ပါသည်။

*** နိုင်ငံတော်မှ စာရင်းမှတ်စနစ်ဖြင့် ဝယ်ယူထုတ်ပေးခြင်းဖြစ်ပါသည်။

ရေလုပ်ငန်းသုံးအထောက်အကူပစ္စည်းများ ထောက်ပံ့မှု၊ လှူဒါန်းမှုစာရင်းချုပ်

(၁၉-၇-၂၀၀၈ အထိ)

စဉ်	လှူဒါန်းသူ	ငါးဖမ်းလှေ(စင်း)	အင်ဂျင်စက်(လုံး)	ငါးဖမ်းပိုက်(ဖုံ)	မှတ်ချက်
၁	နိုင်ငံတော်	၃၁၁၇	၂၄၅၅	၃၁၀၃	ငါးဖမ်းပိုက်မျိုးစုံ
၂	ပြည်တွင်းမှလုပ်ငန်းကုမ္ပဏီကြီးများ ပုဂ္ဂလိကစေတနာရှင်များ	၂၃	-	၉၆၀၆	ငါးလုပ်ငန်းအဖွဲ့ချုပ်
၃	ပြည်ပနိုင်ငံနှင့်အဖွဲ့အစည်းများ	၅၀	-	-	
	စုစုပေါင်း	၃၁၉၀	၂၄၅၅	၁၂၇၀၉	

မှတ်ချက်

၁။ ငါးဖမ်းလှေမှာ ၂၁ပေအရှည်ရှိပြီး လှေစင်းရေပေါင်း ၉၅၀၀အထိ ထောက်ပံ့သွားမည်ဖြစ်ပါသည်။

၂။ အင်ဂျင်စက်မှာ ၆·၅ မြင်းကောင်ရေရှိ စက်အလုံးပေါင်း ၆၀၀၀အထိ ထောက်ပံ့သွားမည်ဖြစ်ပါသည်။

အိုင်တီနှင့်အသက်မွေးဝမ်းကျောင်းပြုလိုသူလူငယ်များ သိသင့်သိထိုက်သည့် ကွန်ပျူတာပညာရှင်များဟောပြောပွဲ

အိုင်တီသတင်း - မောင်မောင်မြင့်ဆွေ ❑ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ❑ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဇူလိုင် ၂၇

အိုင်တီနည်းပညာရပ်အပေါ် စိတ်ဝင်စားပြီး လေ့လာလိုက်စားနေတဲ့ လူငယ်တွေအတွက် သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်စေဖို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (အမ်ပီအေ)က ကြီးမှူးပြီး Myanmar Professionals Education Centre (အမ်ပီအီးစီ)ရဲ့ ကူညီပံ့ပိုးမှုနဲ့ ဟောပြောပွဲတစ်ရပ်ကို ရန်ကုန်မြို့ လှိုင်မြို့နယ်မှာရှိတဲ့ မြန်မာအင်ဖိုတက်ခ်အဆောက်အအုံ ဆွေးနွေးခန်းမမှာ ဇူလိုင် ၂၇ရက် နံနက်၉နာရီမှာ ကျင်းပခဲ့ပါတယ်။

ပရိုဂရမ်မာဖြစ်ဖို့

"ဒီနေ့ ဟောပြောပွဲမှာ ပရိုဂရမ်မာ တစ်ဦး ဖြစ်အောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာတွေ သိရပါတယ်၊တန်ဖိုးရှိတဲ့ ဟောပြောပွဲပါပဲ"

ဖေယျာမျိုးဦး
ဆော့ဖ်ဝဲ၊ ဟက်ဝဲ
သင်တန်းသား

ဒီဆွေးနွေးပွဲမှာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းက ကွန်ပျူတာပညာရှင်တွေက "How to prepare to become a Professional Developer" ခေါင်းစဉ်နဲ့ ဆွေးနွေးကြတာဖြစ်ပြီး တက်ရောက်လာတဲ့ လူငယ်တွေရဲ့ မေးခွန်းတွေကိုလည်း ဝိုင်းဝန်းဖြေကြားပေးသွားကြပါတယ်။

လူငယ်တွေပြည့်လျှံ

ဒီနေ့ခေတ် လူငယ်တွေဟာ အိုင်တီနည်းပညာရပ်အပေါ်လေ့လာလိုက်စားလာမှု များနေတာကို ဒီနေ့ပွဲ တက်ရောက်လာသူတွေက ပြသနေပါတယ်။ မြန်မာ အင်ဖိုတက်ခ် အဆောက်အအုံရဲ့ ဆွေးနွေးပွဲခန်းမ တစ်ခုလုံးဟာ အိုင်တီကို စိတ်ဝင်စားတဲ့ လူငယ်တွေနဲ့ ပြည့်လျှံနေပါတယ်။

ဒီနေ့ဆွေးနွေးပွဲမှာ ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်တဲ့ ဦးနေလင်းသန်းက Professional ဆိုတာ ဘာလဲ၊ Professional တစ်ဦးရဲ့ ဘဝ၊ အလုပ်တွေကို အချိန်မီ၊ အရည်အသွေးမီ ပြီးစီးအောင်လုပ်ဆောင်မှု၊ အလုပ်လုပ်တယ်ဆိုတာ အလုပ်က ရရှိတဲ့ အကျိုးရလဒ်ကောင်းတွေ ရရှိအောင် လုပ်နိုင်ဖို့၊ နောက်ပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူနေဖို့၊ ကိုယ့်ရဲ့အတတ်ပညာတွေကို မျှဝေခံစားပြီး အသိပညာတွေ ဖြန့်ဝေပေးနိုင်ဖို့ ဆိုတာတွေကို ဆွေးနွေးသွားပါတယ်။

အကျိုးပြု

နောက်ထပ် ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်တဲ့ ဦးဝင်းထိန်ဝင်းကလည်း လူငယ်တွေအနေနဲ့ကွန်ပျူတာနဲ့ ပတ်သက်ပြီး အသိအမှတ်ပြုလက်မှတ်ရရေး ဦးစားပေးဖို့ သိပ်ပြီးမလိုသလို တကယ်တမ်း လက်တွေ့မှာ အသုံးချနိုင်အောင်နဲ့၊ သုံးစွဲသူတွေကို ဘယ်လို အကျိုးပြုပေးနိုင်မလဲ ဆိုတာ အဓိကကျပုံတွေနဲ့ပတ်သက်ပြီး ရှင်းပြပါတယ်။

နောက်ထပ် ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်တဲ့ ဦးထွန်းခိုင်ကတော့ အိုင်တီနဲ့ ပတ်သက်ပြီး Professional ဖြစ်လိုတဲ့ သူတွေဟာ ငွေကြေးတစ်ခုတည်းကို စဉ်းစားလို့ မရဘူးဆိုတာနဲ့ အိုင်တီပညာရပ်အပေါ် စိတ်ဝင်စားမှု၊ ဒီအလုပ်အပေါ် မြတ်နိုးမှု၊ ကိုယ်ဘယ်နေရာမှာ ညံ့ပြီး ဘယ်နေရာတွေမှာ အားသာမှုရှိတယ် ဆိုတာတွေ ဝေဖန်ဆန်းစစ်တတ်မှု၊ ပရိုဂရမ်မာတစ်ဦးဟာ ရှိတာနဲ့ ဖြေရှင်းပေးနိုင်ရမှုနဲ့ နည်းပညာကို သိအောင် လေ့လာထားရမယ်၊ ဒါပေမယ့် နည်းပညာကို မကိုးကွယ်သင့်ဘူးလို့ ဒီနေ့ပွဲ တက်ရောက်လာတဲ့ လူငယ်တွေအား ရှင်းပြသွားပါတယ်။

အတွေ့အကြုံ

နောက်ထပ် ကွန်ပျူတာပညာရှင်တွေဖြစ်တဲ့ ဦးရဲရင့်ဝင်းကလည်း အိုင်တီပညာ အတွေ့အကြုံတွေ ရှိရမယ်၊ ဗဟုသုတ ကြွယ်ဝရမယ်။ တကယ်တမ်း အသုံးပြုသူသုံးလို့ အဆင်ပြေအောင် ဆော့ဖ်ဝဲတွေ ရေးရမယ်။ ဆော့ဖ်ဝဲရေးရင် ဘယ်လို အခက်အခဲတွေ ရှိတယ်ဆိုတာ သိလာရမယ်။ မြန်မာလူငယ်တွေ အနေနဲ့ ပရိုဂရမ်ရေးတာ မြန်ကြကြောင်း၊ ဒါပေမယ့် တကယ်တမ်း အသုံးပြုလို့ရအောင် ဆိုရင်တော့ ကြာတတ်တယ်။ ဘယ်လောက်အထိ ကြာတတ်သလဲ ဆိုရင်တော့ ဂျပန်လူငယ် ဆော့ဖ်ဝဲ ရေးသူတွေထက် သုံးဆကြာပြီး စင်ကာပူ လူငယ်တွေထက် နှစ်ဆကြာကြောင်း ဆွေးနွေးသွားပါတယ်။

အကျိုးရှိတဲ့ဟောပြောပွဲ

"ဆော့ဖ်ဝဲ အင်ဂျင်နီယာ တစ်ဦး ဖြစ်ဖို့ ဘာတွေ သိသင့်တယ်ဆိုတာ သိရှိခဲ့ရတာ ဖြစ်လို့ အကျိုးရှိတဲ့ ဟောပြောပွဲတစ်ခုပါ"

မဖြိုးပြည့်ပြည့်စိုး
ဆော့ဖ်ဝဲ
အင်ဂျင်နီယာ
တစ်ဦးဖြစ်လိုသူ

ဟောပြော

ကွန်ပျူတာ ပညာရှင်တွေ ဆွေးနွေးပြီးတဲ့အခါ ဟောပြောပွဲကို တက်ရောက်လာတဲ့ လူငယ်တွေက သူတို့သိလိုတဲ့ မေးခွန်းတွေကို မေးမြန်းကြတာဟာ တကယ့်ကို စိတ်ဝင်စားစရာ ကောင်းပါတယ်။ လူငယ်တွေ မေးမြန်းသမျှကို ကွန်ပျူတာပညာရှင်တွေက ရှင်းရှင်းလင်းလင်း ဖြေကြားပေးတာမို့ ကွန်ပျူတာပညာရှင်တွေ အနေနဲ့ သူတို့သိထားသမျှတွေကို လူငယ်တွေသိအောင် ဖြန့်ဝေပေးနိုင်သလို လူငယ်တွေရဲ့ သံသယဖြစ်နေတဲ့ အိုင်တီအသိတွေ ကွဲကွဲပြားပြား ဖြစ်သွားစေခဲ့ပါတယ်။

ပရိုဂရမ်မာ

ဒီနေ့ ဟောပြောပွဲသို့ တက်ရောက်လာတဲ့ လူငယ်တစ်ဦးကို မေးမြန်းကြည့်တဲ့အခါ "ကျွန်တော့်နာမည်က ဖေယျာမျိုးဦးပါ။ရန်ကုန်မြို့ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဌာနက ဖွင့်လှစ်တဲ့ ဆော့ဖ်ဝဲ၊ ဟက်ဝဲ သင်တန်းကို တက်နေတဲ့ ကျောင်းသားတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်က ပရိုဂရမ်မာတစ်ဦး ဖြစ်လိုတဲ့ ရည်မှန်းချက်ရှိတာမို့ ဒီလို ဟောပြောပွဲကို လာတက်ဖြစ်တာပါ။ အခုတော့ ဒီနေ့ဟောပြောပွဲမှာ ပရိုဂရမ်မာ တစ်ဦးအနေနဲ့ ဘယ်လို ပြင်ဆင်ရမယ်၊ ဘာတွေ သိထားရမယ်၊ ဘာတွေ လိုအပ်တယ်ဆိုတာ သိလာရတယ်။ ကျွန်တော့်ရည်မှန်းချက်ကို ပိုပြီး ခိုင်မာလာစေပါတယ်" လို့ ပြောပြသွားပါတယ်။

လေ့လာသင့်

ဟောပြောပွဲ ခန်းမထဲက ထွက်လာတဲ့ မိန်းကလေးတစ်ဦးကို ဒီဟောပြောပွဲနဲ့ပတ်သက်ပြီး မေးမြန်းတဲ့အခါ "နာမည်က မဖြိုးပြည့်ပြည့်စိုးပါ၊ ကျွန်မက ဆော့ဖ်ဝဲနဲ့ ပတ်သက်တဲ့ စာမေးပွဲတွေ ဖြေဆိုနေတဲ့သူ ဖြစ်ပါတယ်။ ဆော့ဖ်ဝဲ အင်ဂျင်နီယာတစ်ဦးဖြစ်လိုတဲ့ ဆန္ဒရှိတာမို့ ဒီဟောပြောပွဲမှာ ကျွန်မဖြစ်ချင်တဲ့ ဆော့ဖ်ဝဲအင်ဂျင်နီယာ တစ်ဦးအဖြစ် ဘယ်လိုပြုလုပ်သင့်တယ်၊ ဘယ်လို လေ့လာသင့်တယ်၊ ဘယ်လိုအချက်တွေ သိသင့်တယ်ဆိုတာ သိခဲ့ရတာမို့ အကျိုးရှိစေတဲ့ ဟောပြောပွဲပါပဲ" လို့ ဖြေကြားသွားပါတယ်။

ထိရောက်

အိုင်တီ နည်းပညာရပ်ကို စိတ်ဝင်စားပြီး အိုင်တီပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုမယ့် လူငယ်တွေအတွက်ကတော့ ဒီလို ဟောပြောဆွေးနွေးပွဲတွေဟာ တကယ့်ကို ထိရောက်တဲ့ ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ ကွန်ပျူတာပညာရှင်များ၏ ဟောပြောပွဲသို့ တက်ရောက်လေ့လာဆွေးနွေးနေသူများအား ဤသို့တွေ့ရသည်။

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ကနေဒါအရှေ့ပိုင်း၌ ဆီးနှင်းများဆိုးရွားစွာကျဆင်း

တိုရွန်တို ဇူလိုင် ၂၇

ကနေဒါနိုင်ငံအရှေ့ပိုင်း ဟုဒ်တောင်တန်းဒေသတွင် ဇူလိုင်၂၇ရက် နံနက်ပိုင်းက ဆီးနှင်းများ ဆိုးရွားစွာကျဆင်းခဲ့ကြောင်း ကနေဒါနိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

လေးပေအထိရှိ

ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သဖြင့် ဘိတ်ကာကန်အရပ်တွင် ဆီးနှင်းထု လေးပေအထိရှိခဲ့ကြောင်း၊ နေအိမ်များနှင့် လမ်းများပေါ်တွင် ဆီးနှင်းများ ကျဆင်းခဲ့သဖြင့် သွားလာရေးခက်ခဲလျက်ရှိကြောင်း၊ ဆီးနှင်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)

ချီလီ၌ မီးတောင်နှစ်လုံးလှုပ်ရှားနေ ဒေသခံများအား သတိပေးချက်ထုတ်ပြန်

ဆန်တီရာဂို ဇူလိုင် ၂၇

ချီလီနိုင်ငံ ဆန်တီရာဂိုမြို့တောင်ဘက် ၇၄၅မိုင်ခန့်အကွာရှိ ချီတန်မီးတောင်နှင့် အယ်လီမာမီးတောင်တို့သည် ဇူလိုင်၂၇ရက် နံနက်ပိုင်းမှစတင်ကာ လှုပ်ရှားလာလျက်ရှိသဖြင့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း ချီလီနိုင်ငံမှ မီးတောင်ဆိုင်ရာ ပညာရှင်များက ပြောကြားသည်။

ထပ်မံလှုပ်ရှား

အယ်လီမာမီးတောင်မှာ မကြာမီရက်များက ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ယခုအခါ ထပ်မံလှုပ်ရှားလာလျက်ရှိပြီး အသံများမြည်ဟီးလျက်ရှိသည်။ ထို့အတူ ချီတန်မီးတောင်မှာလည်း လှုပ်ရှားလာလျက်ရှိပြီး ကောင်းကင်သို့ မီးခိုးများ မှုတ်ထုတ်လျက်ရှိကြောင်း၊ ထို့ကြောင့် အနီးဝန်းကျင်၌နေထိုင်သူများအား သတိပေးချက်များ ထုတ်ပြန်ထားပြီး ရွှေ့ပြောင်းနေထိုင်ကြရန် ဒေသအာဏာပိုင်များက ဆော်ဩလျက်ရှိသည်။

ယူကရိန်းအနောက်ပိုင်း၌ မိုးသည်းထန် ရေလွှမ်းမှုဖြစ်ပေါ်ပြီး ၁၃ဦးသေဆုံး

အီဗာနို ဇူလိုင် ၂၇

ယူကရိန်းနိုင်ငံ အနောက်ပိုင်း အီဗာနိုဒေသတွင် ဇူလိုင်၂၇ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ၁၃ဦးသေဆုံးခဲ့ကြောင်း ယူကရိန်းနိုင်ငံမှ မိုးလေဝသအရာရှိများက ပြောကြားသည်။

အဆိုးရွားဆုံး

ရေလွှမ်းမှုများဖြစ်ပေါ်သည့်နေရာမှာ ယူကရိန်းနိုင်ငံ အီဗာနိုနှင့် ဖရန့်ကိဗ်မြို့များတွင်ဖြစ်ပြီး နေအိမ်များ ရေနစ်မြုပ်ပြီး လမ်းများအပေါ် (အပေါ်ပုံ) ရေလွှမ်းခဲ့သဖြင့် သွားလာရေးခက်ခဲလျက်ရှိကြောင်း၊ အဆိုပါဒေသ၌ ယခုကဲ့သို့ ရေလွှမ်းမှုမှာ နှစ်ပေါင်း ၁၀၀ အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားတောင်ပိုင်း၌ မိုးသည်းထန်ပြီး ရေလွှမ်း ခုနစ်ဦးသေဆုံး၊ နေအိမ်များရေနစ်မြုပ်

ဆိုးလ် ဇူလိုင် ၂၇

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဇူလိုင် ၂၇ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ခုနစ်ဦးသေဆုံးပြီး ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုမှာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ဘက် ဘွမ်ဟွာမြို့၌ဖြစ်ပြီး နေအိမ်များ ရေနစ်မြုပ်ခဲ့ကြောင်း၊ လူ၁၂၀၀တို့အား ရေဘေးအန္တရာယ်မှ ကင်းဝေးရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ရက်က အဆိုပါ မိဘဂုဏ်ဘိုးဘွားရိပ်သာခန်းမ၌ကျင်းပရာ အဘိုးအဘွားများနှင့်အမှုဆောင်များက ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (၁၀၅)

လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂၇

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဆေးတက္ကသိုလ်(၁)ရန်ကုန် ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာညွှန့်သိန်း၊ အထူးကုဆရာဝန်ကြီးများ၊ အလုပ်သင် ဆရာဝန်များပါဝင်သော ကွင်းဆင်းကုသရေးအဖွဲ့သည် ဇူလိုင် ၁၉ရက်နှင့် ၂၀ရက်တို့တွင် မြောင်းမြမြို့နယ်သို့ သွားရောက်၍ ကွင်းဆင်းကုသရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆေးများလှူဒါန်း

အလုပ်သင်ဆရာဝန်အဖွဲ့နှင့်အတူ ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာညွှန့်သိန်းသည် မြောင်းမြမြို့ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ သွားရောက်၍ လေဘေးသင့် မိဘမဲ့ကလေးငယ် ၁၀၄ဦးအား အဝတ်အထည်၊ အသုံးအဆောင်နှင့် ကစားစရာများ ပေးဝေခြင်းနှင့် စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြပြီး စကောကရင် ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ လူနာ ၁၂၀တို့အား ဆေးကုသမှုပေးခြင်းနှင့် လေဘေးသင့်ပြည်သူများအား အသုံးအဆောင်ပစ္စည်းများ ပေးဝေခြင်းတို့ကို ဆောင်ရွက်ကြကာ ဇူလိုင် ၂၀ရက်တွင် မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီး၌ လူနာများအား ကြည့်ရှုစမ်းသပ်ခြင်းနှင့် ဆေးရုံအတွက် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခေတ္တ ဩစတြေးလျနေ ဒေါက်တာသောင်းလွင်နှင့် ဒေါက်တာခင်အေးသန်းတို့က ဆွမ်းပဒေသာပင်နှင့်လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အမေရိကန်ဒေါ်လာ တစ်ထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများတွင် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်မှုအဖွဲ့ ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏စီစဉ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများရှိ ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဖွဲ့ခေါင်းဆောင် ဦးမိုးဟိန်း၊ အဖွဲ့ဝင် ဦးချစ်ဖေနှင့် ဒေါ်အေးမို့မို့လွင်တို့ပါဝင်သော စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုနှင့် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်မှုအဖွဲ့သည် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ဇူလိုင် ၁၃ ရက်မှ ၂၆ ရက်အထိ မြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ခဲ့ကြသည်။

ဆွေးနွေး

အဆိုပါအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့် ကျေးရွာအုပ်စုများဖြစ်ကြသော ကြက်လှျာ၊ မဘော၊ ကျားဟုန်း၊ သူရဲချောင်း၊ ကျွန်းချောင်း၊ မဲဇလီကဇန်ချောင်း၊ ကျွဲခြိ်ရေကျော်၊ ဖိုးသာအေး၊ ဒန့်းဆိပ်၊ မရမ်းနှင့် လပွတ်ကွဲတဲချောင်း ကျေးရွာအုပ်စုများရှိ ကျေးရွာခွဲ(၃၇)ရွာမှ လေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး စိတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုဆွေးနွေးပွဲ အကြိမ်(၃၀) ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲ မုန်တိုင်းတိုက်ခတ်မှု၊ မီးတောင်ပေါက်ကွဲမှု၊ ငလျင်လှုပ်မှုစတဲ့ သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် ထုတ်လွှတ်မှုလျှော့ချပြီး ဒီရေတောများ တိုးပွားအောင်ဆောင်ရွက်ရမည်

တွေ့ဆုံမေးမြန်းသူ- မိုးမြင့်လင်းလက် ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဇူလိုင် ၂၇

"နာဂစ်နှင့် သဘာဝပတ်ဝန်းကျင်" ခေါင်းစဉ်နဲ့ ဟောပြောပွဲကို စာရေးဆရာမ ဂျူးက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးမှာ ဇူလိုင် ၂၆ရက် မွန်းလွဲ ၂နာရီက ကျင်းပခဲ့ပါတယ်။

အဲဒီ ဟောပြောပွဲ မစတင်မီမှာ စာရေးဆရာမ ဂျူးနဲ့ တွေ့ဆုံပြီး သဘာဝပတ်ဝန်းကျင်အပေါ် ဆရာမရဲ့ အမြင်ကို တွေ့ဆုံ မေးမြန်းတဲ့အခါ အခုလိုပြောပြပါတယ်။

သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီး အရင်က စာအုပ်တွေရေးခဲ့ဖူးတယ်။ "ကျွန်မချစ်သော မြို့တစ်မြို့" နဲ့ "ကျွန်မချစ်သောနိုင်ငံ"စာအုပ်တွေပါ။ ဟောပြောပွဲတွေလည်း ပြောခဲ့ဖူးပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် လူတိုင်း စိတ်ဝင်စားသင့်ပါတယ်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကို လူတွေ သိကြပေမယ့် သဘာဝပတ်ဝန်းကျင်အပေါ် လူတွေ အမှုမဲ့အမှတ်မဲ့ ဖြစ်နေကြတယ်။ မကြာခင်က ကျွန်မတို့နိုင်ငံမှာ နာဂစ်မုန်တိုင်း ဝင်ရောက် တိုက်ခတ်ခဲ့တာ ကြုံတွေ့ခဲ့ကြရတယ်။ ဒါဟာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုရဲ့ အကျိုးဆက်တွေပါပဲ။ လူတွေကြောင့် သဘာဝပတ်ဝန်းကျင်တွေ ယိုယွင်းပျက်စီးလာတယ်။ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးလာမှုကြောင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုတွေဖြစ်ပြီး မုန်တိုင်း တိုက်ခတ်မှု၊ မီးတောင်ပေါက်ကွဲမှု၊ ငလျင်လှုပ်မှု၊ ရေလွှမ်းမိုးခေါင်မှု၊ အပူလှိုင်းကျရောက်မှု၊ အအေးလှိုင်း ကျရောက်မှုစတဲ့ သဘာဝဘေးအန္တရာယ်တွေ ကျရောက်လာခြင်း ဖြစ်ပါတယ်"ဟု စာရေးဆရာမ ဂျူးက ပြောပြပါတယ်။

> **လူတိုင်း ဝိုင်းဝန်း ဆောင်ရွက်သင့်**
>
> သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုတာ တစ်ဦးတည်း လုပ်ဆောင်လို့ မရပါဘူး၊ လူတိုင်း စုပေါင်းပြီးဝိုင်းဝန်းဆောင်ရွက်ကြရမှာပါ။
>
> စာရေးဆရာမဂျူး

သူ့အတွေးအမြင်

သင်ခန်းစာ

နာဂစ်မုန်တိုင်း တိုက်ခတ်ခြင်းရဲ့ နောက်ပိုင်းမှာ ကြုံတွေ့ရယူသင့်တဲ့ သင်ခန်းစာတွေအပေါ်မှာလည်း "နာဂစ်မုန်တိုင်းကြောင့် ဆိုးကျိုးနဲ့ယူရမယ့်သင်ခန်းစာတွေက အများကြီးပါ။ အဓိကအနေနဲ့ ကတော့ဆုံးရှုံးမှုနဲ့ရယူသင့်တဲ့သင်ခန်းစာတွေ ဖြစ်ပါတယ်။ ဆုံးရှုံးမှုတွေကတော့ သိတဲ့ အတိုင်းပါပဲ။ အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာတွေ ဆုံးရှုံးခဲ့ရတယ်။ ပိုင်ဆိုင်မှုတွေ၊ လူမှုအသိုင်းအဝိုင်းတွေက အစပေါ့။ ဒါက ရုပ်ပိုင်းဆိုင်ရာပါ။ စိတ်ပိုင်းဆိုင်ရာတွေအနေနဲ့ အများကြီး ထိခိုက်ခံစားခဲ့ကြရတာပါပဲ။ သင်ခန်းစာယူသင့်တာကတော့ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ကာကွယ်ထိန်းသိမ်းကြဖို့ပါပဲ။ ဒီလိုမုန်တိုင်းတွေဖြစ်တဲ့ သဘာဝဘေးတွေဟာ တားဆီးဖို့တော့ မလွယ်ပါဘူး။ ဒါပေမယ့် ဒီလိုသဘာဝဘေးအန္တရာယ်က သက်သာအောင်တော့ လူတွေ ဝိုင်းဝန်းလုပ်ဆောင်လို့ ရပါတယ်။ လေဒဏ်၊ မိုးဒဏ်နဲ့ ပင်လယ်ဒီရေတွေကို ဟန့်တားနိုင်ဖို့ ဒီရေတောတွေထိန်းသိမ်းရပါလိမ့်မယ်"လို့ မြန်မာ့အလင်းကို ရှင်းပြပါတယ်။

ဝိုင်းဝန်း

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင်နဲ့ ပတ်သက်ပြီးတော့လည်း "လူတွေအနေနဲ့ တစ်နိုင်ငံတည်း မဟုတ်ဘဲ နိုင်ငံတိုင်းမှာပါ စွမ်းအင်သုံးစွဲမှုတွေ ချွေတာကြရမယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ အတတ်နိုင်ဆုံး လျှော့ချရမယ်။ သစ်တောသစ်ပင်ခုတ်လှဲမှုတွေကို ဟန့်တားကြရမှာပါ။ သဘာဝပတ်ဝန်းကျင် ပျက်စီးစေမယ့် စီးပွားရေးလုပ်ငန်းတွေကို စိစစ်ထိန်းချုပ်သွားရမှာ ဖြစ်ပါတယ်။ နောက်ပြီး ဒီရေတောတွေ တိုးပွားနိုင်အောင်လည်း ဆောင်ရွက်ကြရမှာပါ။ ဒါတွေအားလုံးဟာ တစ်ဦးတစ်ယောက်တည်း ပြုလုပ်လို့ရတာ မဟုတ်ပါဘူး။ အားလုံးက အသိစိတ်ဓာတ်ရှိရှိနဲ့ ဝိုင်းဝန်းဆောင်ရွက်သွားမှ ရပါလိမ့်မယ်"လို့ စာရေးဆရာမ ဂျူးက ပြောပြပါတယ်။

ဒါ့အပြင် မုန်တိုင်း အပြီးမှာ ဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီးတော့လည်း "နာဂစ်နဲ့ပတ်သက်တဲ့ လုံးချင်းဝတ္ထု တစ်ပုဒ်ရေးနေပါတယ်။ ဂျာနယ်တွေမှာတော့ မုန်တိုင်းအလွန်မှာ သိသင့်သိထိုက်တာတွေကို ဆောင်းပါးတွေရေးခဲ့ပြီး မကြာခင်မှာ Photo Essay စာအုပ်တစ်အုပ်ထွက်ဖို့ ရှိတယ်။ လူမှုရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာအခြေခံ စာအုပ်တစ်အုပ်လည်း ရေးနေပါတယ်။ အဲဒီ စာအုပ်အမည်က 'သူ မင်းကို ဘယ်တော့မှ' ဖြစ်ပါတယ်"ဟု ပြောပြသွားပါကြောင်း။ ။

(မြန်မာ့အလင်း)

> **သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင်နဲ့ ပတ်သက်ပြီး တော့လည်း "လူတွေအနေနဲ့ တစ်နိုင်ငံတည်းမဟုတ်ဘဲ နိုင်ငံတိုင်းမှာပါ စွမ်းအင်သုံးစွဲမှုတွေ ချွေတာကြရမယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုတွေ အတတ်နိုင်ဆုံး လျှော့ချရမယ်။ သစ်တောသစ်ပင် ခုတ်လှဲမှုတွေကို ဟန့်တားကြရမှာပါ။ သဘာဝပတ်ဝန်းကျင် ပျက်စီး စေမယ့် စီးပွားရေးလုပ်ငန်းတွေကို စိစစ်ထိန်းချုပ်သွားရမှာ ဖြစ်ပါ တယ်။ နောက်ပြီး ဒီရေတောတွေ တိုးပွားနိုင်အောင်လဲ ဆောင်ရွက် ကြရမှာပါ။ ဒါတွေအားလုံးဟာ တစ်ဦးတစ်ယောက်တည်း ပြုလုပ်လို့ ရတာမဟုတ်ပါဘူး။ အားလုံးက အသိစိတ်ဓာတ်ရှိရှိနဲ့ ဝိုင်းဝန်း ဆောင်ရွက်သွားမှ ရပါလိမ့်မယ်"**

"နာဂစ်နဲ့ သဘာဝပတ်ဝန်းကျင်" ခေါင်းစဉ်ဖြင့် ဟောပြောနေသော စာရေးဆရာမဂျူးနှင့် ပရိသတ်များကို ဤသို့ တွေ့ရသည်။

28-7 (11).pmd 1 7/29/2008, 2:39 AM

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော် ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအာဏာပိုင်များ၊ စေတနာရှင် အလှူရှင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး အလှူငွေများကို လက်ခံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံ ဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်ထူးက နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်ချမှတ်၍ ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင် ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အားဆိုသည့် အား(၄)အားတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းလုပ်ငန်းစဉ်များသည် တိုင်းပြည်နှင့်ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်နေသော အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်၍ သက်ဆိုင်ရာ ဒေသအလိုက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာဖတ်သူပြည်သူများ တိုးပွားအောင်ဆောင်ရွက်ရေး၊ ထူထောင်ပြီး စာကြည့်တိုက်များတွင် ရှိရင်းစာအုပ်များထက် အသစ်သစ်သောစာအုပ်များ တိုးတက်အောင်ဆောင်ရွက်ရေး၊ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံများဖြစ်အောင် ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ရေး၊ စာကြည့်တိုက်တွင် သင့်လျော်သည့် ပရိဘောဂများရှိလာအောင်ဆောင်ရွက်ရေးနှင့်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီများဖွဲ့စည်းကာ စနစ်တကျ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝင်းအတွင်း စိုက်ထူပြသထားသည့် စာကြည့်တိုက်များတည်ဆောက်နိုင်မှု မှတ်တမ်းဓာတ်ပုံများနှင့် ဖတ်ဖွယ်မှတ်ဖွယ်၊ သိအပ်စရာ နံရံကပ်စာစောင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်းရှိ ခေတ်အေးကျေးရွာ၊ ညောင်လွန့်ကျေးရွာနှင့် ရွာသစ်ကျေးရွာများရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဂုဏ်ပြုလွှာ

ဆက်လက်၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖြစ်မြောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးသိန်းအောင်နှင့် မိသားစု(သိန်းကုမ္ပဏီ)က ငွေကျပ် သိန်း ၃၀ကို လည်းကောင်း၊ ခေတ်အေးကျေးရွာ၊ ညောင်လွန့်ကျေးရွာနှင့် ရွာသစ်ကျေးရွာများမှ စေတနာရှင် ပြည်သူများက လှူဒါန်းသည့်ငွေကျပ် ၁၀သိန်းစီ စုစုပေါင်း ငွေကျပ်သိန်း ၃၀ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက လည်းကောင်း ပေးအပ် လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝင်းအတွင်း စိုက်ထူပြသထားသည့် စာကြည့်တိုက်များ တည်ဆောက်နိုင်မှု မှတ်တမ်းဓာတ်ပုံများနှင့် ဖတ်ဖွယ်မှတ်ဖွယ်၊ သိအပ်စရာ နံရံကပ်စာစောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

လှူဒါန်းမှု

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်မြောက်ရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ်သိန်း ၆၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** **သန်းသန်းနု ကိုးကားတင်ပြသည်**

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ မိုးသက်လေပြင်းကျနိုင်

ရန်ကုန် ဇူလိုင် ၂၇

ဇူလိုင်၂၆ရက်က ကမ္ဘာ့နိုင်ငံများ၏ သဘာဝရာသီဥတုဖြစ်စဉ်ကို လေ့လာပါက အမေရိကန်နိုင်ငံ နယူးဟမ်းရှိုင်းယားအရပ်၌ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခြင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံတို့တွင် လေပြင်းများတိုက်ခတ်၍ မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဇူလိုင်၂၇ရက်က မြန်မာနိုင်ငံ တိုင်းနှင့်ပြည်နယ်များ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါက မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ ကယားပြည်နယ်တွင် နေရာကျဲကျဲမိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာသွန်းခဲ့သည်။

ဇူလိုင်၂၈ရက်**(ယနေ့)** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာသွန်းနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာသွန်းနိုင်သည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

ဇူလိုင်၂၈ရက်**(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာသွန်းနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ မိုးအသင့်အတင့် ရွာနိုင်သည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

လှိုင်းကြီးနိုင်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလျက်ရှိသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

ဇူလိုင်၂၇ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၀ ဒသမ ၄၀ လက်မ	မော်လမြိုင်	၄ ဒသမ ၈၉ လက်မ
မုဒုံ	၂ ဒသမ ၇၆ လက်မ	ဘားအံ	၂ ဒသမ ၄၄ လက်မ
သိမ်ဇရပ်	၂ ဒသမ ၃၆ လက်မ	ပူတာအို	၂ ဒသမ ၀၅ လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့အလင်း

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ကျူးကျော်အခုတ်တံတိုင်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

သန်လျင်မြို့ မြို့ဟောင်း အရှေ့ရပ်ကွက် မြို့ဟောင်းလမ်းသွယ်တွင် ငါးပေအကျယ် လူသွားလမ်းကို ကျူးကျော်၍ အုတ်တံတိုင်း ကာရံပိတ်ဆို့ထားခြင်းကြောင့် သွားလာရေးအခက်အခဲ ကြုံတွေ့ရုံသာမက လမ်းပိတ်ဆို့ထားမှုကြောင့် မီးဘေးအန္တရာယ်အတွက် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မြို့ဟောင်းလမ်းသူ

ပျက်စီးနေသောရေပိုက်များ လဲပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် အင်းဝလမ်းထိပ် အင်းဝ ၉လမ်း၊ အင်းဝ ၈လမ်းနှင့် ကုန်းဘောင်လမ်းထိပ်များရှိ ဂျိုးဖြူရေပိုက်လိုင်းများသည် အနံ့ဆိုးရေများလာနေခြင်းတို့ကြောင့် အများသုံးရေကန်များ သုံးမရသည်မှာ တစ်နှစ်ကျော်နေပြီ ဖြစ်ပါသဖြင့် နှစ် ၄၀ ခန့်ရှိ ပိုက်ဟောင်းများ ပြန်လည် လဲပေးပါရန် တင်ပြအပ်ပါသည်။

(၆)ရပ်ကွက်သား

ကာရာအိုကေဆိုင်ကြောင့် အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့ ကောင်းဟုန်းရပ်ကွက် မြို့နယ်ဆေးရုံအနီးတွင် ဖွင့်လှစ်ထားသည့် ကာရာအိုကေဆိုင် နှစ်ဆိုင်သည် အသံလုံခန်းမရှိဘဲ ညစဉ်ညတိုင်း ညဥ့်နက်သန်းခေါင်အထိ အော်ဟစ် ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ပြီး ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါ ကာရာအိုကေဆိုင် နှစ်ဆိုင်အား သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူ

သားရေလျှော်ကန်ရေဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

နေပြည်တော်တပ်ကုန်း မြဝတီရပ်ကွက် နယ်မြေ ၁၃ ပိတောက်လမ်းမှ အိမ်တစ်အိမ်တွင် သားရေလျှော်ကန်မှ ရေဆိုးများ ပြည်သူများသွားလာသော လမ်းမပေါ်သို့ စွန့်ထုတ်ခြင်းကြောင့် အနီးပတ်ဝန်းကျင်ပြည်သူများမှာ ကျန်းမာရေး ဆိုးရွားစွာ ထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးရန် တင်ပြအပ်ပါသည်။

ပိတောက်လမ်းသား

ဒန်ရည်ကျိုနံ့ကြောင့် ကျန်းမာရေးထိခိုက်နေ

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၈)ရပ်ကွက်နှင့် (၁၉)ရပ်ကွက်အတွင်း၌ ဒန်ရည်ကျိုလုပ်ငန်းများမှ ထွက်သော ညှော်နံ့နှင့် မီးခိုးမှုန်များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ သင့်လျော်ရာသို့ ပြောင်းရွှေ့နိုင်ရေး စီစဉ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူ

ရေနုတ်မြောင်းပိတ်ဆို့မှု ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၉)ရပ်ကွက် ပြည်ထောင်စုလမ်းမရှိ အိမ်ရှေ့ရေနုတ်မြောင်းများမှာ အမှိုက်များပိတ်ဆို့နေ၍ ရေများလျှံပြီး အိမ်များအတွင်းသို့ ရေများဝင်သည့်အပြင် အနံ့ဆိုးများ၊ ခြင်များကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပြည်ထောင်စုလမ်းသား

စည်းကမ်းမဲ့ဈေးသည်များ ဖယ်ရှားပေးပြီး

၇-၇-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ငူမြို့မှ စည်းကမ်းမဲ့ဈေးသည်များ ဖယ်ရှားပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ကြက်မွေးမြူရေး ကြပ်မတ်ဆောင်ရွက်ပြီးစီး

၂၀-၇-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မကွေးမြို့ ရန်ကင်းရပ်ယုဇနလမ်းနှင့် ဇီဇဝါလမ်းကြားရှိ စီးပွားဖြစ်မွေးမြူထားသော ကြက်မွေးမြူရေးခြံမှ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

စွန့်ပစ်အမှိုက်ပုံ ရှင်းလင်းဆောင်ရွက်ပြီးစီး

၃၀-၆-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကျောက်ပန်းတောင်းမြို့နယ် မြို့မစည်ပင်သာယာဈေးနှင့် အထက(၁) ကျောင်းအနီးရှိ စွန့်ပစ်အမှိုက်ပုံမှ အနံ့များကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ (မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပြီးစီး

၂၁-၇-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မြို့မ(၄)ရပ်ကွက် တောင်စက်ရုံလမ်းအတွင်းပိုင်းတွင် ရေမြောင်းများပိတ်ဆို့လျက်ရှိသဖြင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးရန်** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

စမ်းချောင်းလမ်း ပျက်စီးမှု ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း (ပဒုမ္မာကွင်းဘေး)လမ်းသည် ကားများ၊ အနေးယာဉ်များ မောင်း၍မရအောင် ချိုင့်များထူပြောပြီး ပျက်စီးနေပါ၍ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်မောင်းတစ်စု

အသည်းကောင်းလို့ ပွဲတောင်းလာသော ဝဏ္ဏကို လုံးချောက ညာပင့်လက်သီးဖြင့် ပွဲသိမ်းလိုက်သည့်

စူပါကွေကာ မြန်မာပြည်ချန်ပီယံစိန်ခေါ်ပွဲ

သတင်းမြင်ကွင်း - ဇင်လင်းထွန်း (နေပြည်) ဓာတ်ပုံမှတ်တမ်း - တင်စိုးနှင့် သိန်းဝင်းလေး (မြန်မာ့အလင်း) စာမျက်နှာပွဲ့စည်းမှု - သန်းဇော်

ဝဏ္ဏ (မျိုးဇာနည်)ကို ဒုတိယအချီတွင် အလဲထိုးအနိုင်ရရှိသွားသော လုံးချော (ညောင်တုန်း) ဤသို့ အောင်ပွဲခံခဲ့သည်။ (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၇

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ S.S.L Co.,Ltd.(စူပါကွေကာ)၏ အဓိကကူညီပံ့ပိုးမှုဖြင့် H & S Group မှ ကိုစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်) စီစဉ်သည့် စူပါကွေကာ မြန်မာပြည်ချန်ပီယံစိန်ခေါ်ပွဲကြီး 'အသည်းကောင်းလို့ ပွဲတောင်းသူများပွဲစဉ်-၄'ကို ယနေ့ မွန်းလွဲ၂နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ပွဲစဉ်ပေါင်း ၁၀ပွဲဖြင့် ကျင်းပခဲ့ရာ အဓိက စိန်ခေါ်ပွဲကြီးတွင် အလွတ်တန်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း) က စိန်ခေါ်သူ ဝဏ္ဏ(မျိုးဇာနည်)အား ဒုတိယအချီ၌ အလဲထိုး အနိုင်ယူလိုက်သည်။

လုံးချော (ညောင်တုန်း)၏ ဘယ်ညာလက်သီးထိုးချက်များကြောင့် ဝဏ္ဏ (မျိုးဇာနည်) ဤသို့ ပြိုလဲကျခဲ့သည်။ (မြန်မာ့အလင်း)

မျှားပြား

ရန်ကုန်မြို့တွင် ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများ ကျင်းပနိုင်ခြင်း မရှိခဲ့သည်မှာ သုံးလကြာခဲ့ပြီး စိန်ခေါ်သူ ဝဏ္ဏနှင့် လုံးချော၏ပွဲကို စိတ်ဝင်စားကြသည့်အပြင် ကျန်ပွဲစဉ်များမှ တွဲဆိုင်းများကလည်း ပရိသတ် အကြိုက် လက်ဝှေ့သမားများ ပါဝင်နေသဖြင့် ယခုနောက်ပိုင်း စိန်ခေါ်ပွဲများတွင် ပရိသတ်လာရောက်ကြည့်ရှုမှု စံချိန်တင် လောက်အောင် မျှားပြားခဲ့သည်။

စနေထွန်းနှင့် လင်းယုန်

စနေထွန်း(မြန်မာ့သွေးသစ်)နှင့် လင်းယုန်(ရက္ခဗျာလ)တို့၏ လေးချီ အထူးပွဲဖြင့် ပွဲကိုစတင်သည်။ လင်းယုန်က လူလုံးလူဖန်သာပြီး ပြင်းထန်သော ဘယ်ဝိုက်လက်သီးကို အားကိုးသည်။ လူကောင်ငယ်သော်လည်း ထိုးသတ်ပုံ ပါးနပ်သော စနေထွန်းက အားဖြင့် ဝင်လာသော လင်းယုန်ကို နင်းခြေ ဆို့ခြေများဖြင့်တားရင်း ညာဖြောင့် အပိုင်ထိုးသည်။ ဘယ်သန်နှင့် ညာသန် တွေ့ကြသည်ဖြစ်ရာ ထိုးပေါက်ချင်း **'စွပ်'** သကဲ့သို့ဖြစ်၍ မျက်နှာတွင် သွေးခြင်းခြင်းနီကုန်ကြသည်။ အသည်းချင်းပေါက်၍ နောက်မဆုတ်တမ်း ရန်းကြရင်း တတိယ အချီ တစ်မိနစ် ၃၄စက္ကန့်တွင် လင်းယုန် အနားတောင်းရသည်။ လင်းယုန်က အားစီးသူဖြစ်၍ အားဖြင့် ဖိလိုက်သည်ကို စနေထွန်းက ပါးနပ်စွာ ညာပတ်ခြေနှင့် ဟန့်ပြီး ညာဖြောင့်လက်သီးဖြင့် တုံ့ပြန်သည့်အတွက် စတုတ္ထအချီတွင် လင်းယုန် အမှတ်စဉ် အရေခံရသည်။ သို့သော် အသည်းကောင်းပြီး မာဂုဏ်မြင့်သော လင်းယုန်က ပြင်းထန်သော ဘယ်ဝိုက်ဖြင့် လိုက်မဲတိုင်းလိုက်သောကြောင့် စနေထွန်း အမှတ်စဉ် အရေခံရသည်။ ဤသို့ဖြင့် လေးချီပြည့်ကာ သွေးသံရဲရဲ သရေပွဲဖြစ်သွားသည်။

နဂါးနှင့် သတ္တိသွေး

ထို့နောက် နဂါး (မြန်မာ့သွေးသစ်) နှင့် သတ္တိသွေး (မျိုးဇာနည်)တို့၏ လေးချီ အထူးပွဲကို ပွဲစဉ် (၂)အဖြစ် တင်ဆက်လာသည်။ နဂါးက လက်သီးချက်ကို များများနှင့် အမြန်လွှတ်ကာ တိုက်စစ်ဆင်သည်။ သတ္တိသွေးက ဆုတ်ခံခံရင်း ချုပ်ဒူးတိုက်သည်။ နဂါးက ရုန်းထွက်၍ ပြန်အတုံ့၌ သတ္တိသွေး၏ ညာဖြတ်လက်သီး မေးကြောထိကာ ပထမအချီ ၁မိနစ် ၂၃စက္ကန့်တွင် အနားတောင်းရသည်။ ပြန်တည်ထိုး၍ ၅၈ စက္ကန့်သာကြာသည် နောက်ထပ်ညာဖြောင့် တစ်လုံး အရှင်းသားထိကာ နဂါး ကြမ်းပြင်ပေါ် ပုံကျသွားသဖြင့် သတ္တိသွေး အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

မိုးသီးနှင့် ကချင်လေး

ပွဲစဉ်(၃)ဖြစ်သည့် မိုးသီး (မြန်မာပြည်သား) နှင့် ကချင်လေး(ဘိလပ်မြေစက်ရုံ)တို့၏ ပွဲက ငါးချီစိန်ခေါ်ပွဲ အစဖြစ်သည်။ ကချင်လေးက အလုံးအရပ်သာသော်လည်း သမ္မာရင့်သော မိုးသီးက တိုင်ပင် လက်သီးများဖြင့် ရဲရဲတင်းတင်း အနီးကပ် ဝင်ထိုးသည်။ ကချင်လေးက လက်သီးပြင်းသော်လည်း အထွက်ကဲ့သဖြင့် ရဲရဲဝင်၍ စိပ်စိပ်ထိုးသော မိုးသီး၏ တွဲလုံးများကြောင့် ထင်တိုင်းမပေါက် ဖြစ်နေသည်။ ကချင်လေး၏ ထိုးချက်၊ ကန်ချက်များထိလျှင် မိုးသီးက ထီမထင်ဟန်ဖြင့် ဘရိတ်ဒန့်ဆွဲပြ၍ လာလေ သူငယ်ချင်းဟု လက်ယပ်ခေါ်ထိုးသောကြောင့် ပရိသတ်များ အထူးတက်ကြွစွာ အားပေးကြသည်။ အလူးအလဲ ရုန်းကန်ရင်ဆိုင်ကြသော်လည်း ပွဲမဖြတ်နိုင်သဖြင့် သရေပွဲဖြစ်သွားသည်။

ဆက်ထူးအောင်နှင့် ရွှေမိုးကောင်း

ပွဲစဉ်(၄)တွင် ဆက်ထူးအောင် (တောင်ကလေး)နှင့် ရွှေမိုးကောင်း (ဘိလပ်မြေစက်ရုံ)တို့ပွဲက ကရင်ပြည်နယ်သားချင်း ဖြစ်ကြသော်လည်း ဘောလုံးပွဲစကားနှင့် ပြောလျှင် မြို့ခံ ပြိုင်ဘက်ကလပ်ချင်း တွေ့ကြသည့် ဒါဘီပွဲအလား ပြိုင်ဆိုင်မှု ပြင်းထန်လှသည်။ ဆက်ထူးအောင်က သူ၏ ဖေးဘရိတ် ဗြောင်ဗလာဒူးဖြင့် အဝိုက်ဖမ်းဝင်သော်လည်း ရွှေမိုးကောင်းက အထိမနာ အောင် ကာကွယ်နိုင်သည်။ ဆက်ထူးအောင်က ညာအောက် ထောက်ရင်းကန်လျှင် ရွှေမိုးကောင်းက အားပါသော ညာဖြောင့်ဖြင့် ဝါးလုံးထိုး ပစ်ထိုးသည်။ ရွှေမိုးကောင်းက ဆက်ထူးအောင်၏ ပတ်ခြေနှင့် ဖြောင့်လက်သီးကြားမှ မနားတမ်းတိုက်စစ်ဆင်ရာ ဆက်ထူးအောင် အားပျော့လာသည်။ ဆက်ထူးအောင်၏ ညာဖြောင့်အဝင်၌ ရွှေမိုးကောင်း၏ ကန့်လန့်ဒူးထားပုံက ထိရောက်လှသည်။ သို့သော် ငယ်ဂုဏ်ရှိ၍ မိုက်ဂုဏ်မြင့်ကြသူချင်းမို့ တစ်ဦးကိုတစ်ဦး ပွဲမဖြတ်နိုင်ဘဲ သရေပွဲဖြစ်သွားပြန်သည်။

ဂျွန်မင်းနှင့် သိန်းစျာန်

ပွဲစဉ်(၅)တွင် ဂျွန်မင်း(မျိုးဇာနည်)နှင့် သိန်းစျာန် (ရက္ခဗျာလ) တို့ ရင်ဆိုင်ကြသည်။ သိန်းစျာန်က သူ့ထုံးစံအတိုင်း ဝါးရုံပင်ကျွဲခတ်သလို မရပ်မနား တိုက်စစ်ဆင်သည်။ ဂျွန်မင်းက နောက်မဆုတ်ဘဲ အပိုင်ချုပ်၍ ဒူးတိုက်သည်။ ဒုတိယအချီ ၁မိနစ်၁၉စက္ကန့်တွင် သိန်းစျာန်က ရုန်းထွက်ပြီး နောက်လှန် လှဲ့အချ ဂျွန်မင်းက ညာဖြတ်ခြေဖြင့် ဖမ်းဆို့လိုက်ရာ သိန်းစျာန် အနားတောင်းရသည်။ ပြန်အတည်တွင် သိန်းစျာန်က ဒူးချင်းပြိုင်သော်လည်း သူ့ထက်ပို၍ စနစ်ကျပြီး တိုက်ချက်လည်းမှန်သော ဂျွန်မင်းကို မယှဉ်သာဘဲ ဒုတိယအချီ ၂မိနစ် ၂၈စက္ကန့်တွင် ညာကျော့ဒူးထိကာ အရှုံးပေးလိုက်ရတော့သည်။

ရန်နိုင်အောင်နှင့် ဒိန်း

ပွဲစဉ်(၆)တွင် ရန်နိုင်အောင် (တောင်ကလေး)နှင့် ဒိန်း (မြန်မာ့သွေးသစ်)တို့ တွေ့ကြသည်။ ငယ်ဂုဏ်ရှိ၍ အသည်းမာသော ရန်နိုင်အောင်က ဒိန်း၏ ပင့်လက်သီး၊ ဖြောင့်လက်သီးများကို အမှုမထားဘဲ မှန်ယစ်နေသည့်ဆင်ပမာ အနာခံဝင်ချုပ်၍ ခေါင်းဖြင့် ဆတ်သည်၊ ဒူးဖြင့် တိုက်သည်။ ဒိန်းက ညာဖြောင့်ကို အပိုင်ချိန်ထိုးသော်လည်း ချိန်သားမကိုက်ဘဲ ရန်နိုင်အောင်၏ ပူးဝင်ဆွဲချုပ်ခြင်း၊ ချုပ်ညှစ်၍ ဆောင့်တွန်းခြင်းများ ခံရကာ သက်လုံကျလာသည်။ တတိယအချီ ၁မိနစ် စက္ကန့် ၅၀တွင် ရန်နိုင်အောင်၏ ဘယ်ထောက်နှင့် ညာဖြောင့်လက်သီး အရှင်းသားထိ၍ ဒိန်း လည်ထွက်သွားရာ ရန်နိုင်အောင် ဒူးဖြင့် လိုက်ဆင့်သောကြောင့် ဒိန်း အနားတောင်းရသည်။ ပြန်တည်ထိုးသော်လည်း ရန်နိုင်အောင်ကို အပြိုင်မရုန်းနိုင်တော့ဘဲ အမှတ်စဉ်တစ်ကြိမ် အရေခံရပြန်ပြီး တတိယအချီ နှစ်မိနစ် စက္ကန့် ၃၀၌ အလဲထိုးခံလိုက်ရသည်။

မုန်တိုင်းနှင့် မိုက်တိုင်စန်

ပွဲစဉ်(၇)တွင် မုန်တိုင်း (မျိုးဇာနည်) နှင့် မိုက်တိုင်စန် (အလင်းရောင်) တို့ ယှဉ်ကြသည်။ မုန်တိုင်းက နာမည်နှင့်လိုက်အောင် တိုက်စစ်မုန်တိုင်းဆင်သော်လည်း မိုက်တိုင်စန်က ပါးနပ်စွာ လက်သီးတံတိုင်းဖြင့် ကာသည်။ တတိယအချီမှစ၍ မုန်တိုင်း အားပျော့လာပြီး မိုက်တိုက်စန်က ခံစစ်မှ တိုက်စစ်သို့ ကူးပြောင်းလာသည်။ မိုက်တိုင်စန်၏ ညာဖြောင့်လက်သီးများက ထိချက်မှန်ပြီး မုန်တိုင်းအဝင်၌ ဘေးထွက်၍ ပင့်ထိုးသော လက်သီးများက ထိရောက်လှသည်။ သို့သော် မိုက်တိုက်စန်၏ လက်သီးက ခံနိုင်ရည်ရှိသော မုန်တိုင်းကို ပွဲမပြီးစေနိုင်သဖြင့် သရေပွဲဖြစ်သွားသည်။

ဖိုးကေနှင့် စောဂပရေမှူး

ပွဲစဉ်(၈)တွင် အလဲထိုးလက်သီးရှင် ဝါးရင်းတုတ်ဖိုးကေ(မန္တလေး)နှင့် စောဂပရေမှူး(တွံတေး)တို့ တွေ့ကြရာ ၂၅စက္ကန့်သာ ကြာလိုက်သည်။ ဖိုးကေ၏ ညာဖြောင့်လက်သီးကြောင့် စောဂပရေမှူး မျက်ခုံးကွဲ၍ ဆေးဖြင့်ရှုံးသွားသည်။ ကာယကံရှင် စောဂပရေမှူးသာမက ပရိသတ်များပါ မချင့်မရဲ ဖြစ်သွားသည်။

ဒေါ်ဂျစ်နှင့် စစ်သွေး

'အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်-၂' တွင် သရေဖြစ်၍ မကျေနပ်ခဲ့သော ဒေါ်ဂျစ်(လယ်/ဆည်)နှင့် စစ်သွေး (ဘိလပ်မြေစက်ရုံ)တို့ ယခုပွဲ ပွဲစဉ်(၉)၌ ပြန်ဆုံကြသည်။ ပထမအချီ မိနစ်ပိုင်းပင် ရှိသေးသည် ဒေါ်ဂျစ်အဝင်၌ စစ်သွေး၏ ညာဖြောင့်လက်သီး ချက်ကောင်းထိကာ အမှတ်စဉ် အရေခံရသည်။ စစ်သွေးက ဘယ်ခြေ အမြင့်ကန်၍ အပူး၌ ဘယ်ဒူးကို ဒေါ်ဂျစ် နံကြားသို့ ထည့်သည်။ ဒေါ်ဂျစ်က ညာဖြောင့်တစ်လုံး အပိုင်ထိုးရန် စောင့်ရင်း စစ်သွေး၏ ထောက်၊ ဖြောင့်လက်သီးများဖြင့် အစားခံနေရသည်။ ဝင်ပူးရန် ကြိုးစားသော်လည်း စစ်သွေးက ဆုတ်ထိုး၊ ဆုတ်ကန်သည့်အတွက် ဒေါ်ဂျစ်မှာ အင်ဂျင်ပါဝါ နည်းပြီး ကုန်းတက်ရုန်းရသည့် ကားလို နောက်သို့ ပြန်လန်ထွက်နေသည်။ ဒုတိယ အချီတွင် ဒေါ်ဂျစ်က ဗျူဟာပြောင်းလာသည့် စစ်သွေး တိုက်စစ်မဖွင့်မီ အတင်းထိုး အတင်းဝင်ကာ ဖြောင့်၊ ဝိုက်ပင့် လက်သီးစုံထိုးသည်။ ချုပ်လျှင်လည်း ဒူးဖြင့် တိုက်သည်။ ခေါင်းချင်း ဆတ်သည်။ စစ်သွေး ဆုတ်လျှင် ဖဝါးထက်ကြပ်လိုက်၍ မရပ်မနား တိုက်စစ်ဆင်သည်။ လီဗာ ကုန်တင်၍ မရပ်မနားရုန်းသည့် ဒေါ်ဂျစ်၏ တိုက်စစ်ကို စစ်သွေးမခံနိုင်။ တတိယအချီ ၁မိနစ် ၁၀စက္ကန့်တွင် အနားတောင်းရတော့သည်။ စစ်သွေး အားပျော့လာမှန်း သိသော ဒေါ်ဂျစ်က အပိုင်ချုပ်၍ ဘယ်ညာ ဒူးတိုက်သည်။ စစ်သွေးကမခံနိုင်ဘဲ ထိုင်ချနေသဖြင့် ကြိုးဝိုင်းဒိုင်က သတိပေးရသည်။ တတိယအချီ ၂မိနစ် ၁၅စက္ကန့်တွင် ဒေါ်ဂျစ်က အပိုင်ချုပ်တိုက်မည့် ဟန်ပြ၍ ညာတံတောင်ဖြတ်ရိုက်သဖြင့် စစ်သွေး လဲကျပြီး ပြန်မထနိုင်တော့ပေ။ ဒေါ်ဂျစ် အလဲထိုးဖြင့် အနိုင်ရသွားသည်။

လုံးချောနှင့် ဝဏ္ဏ

နောက်ဆုံးပွဲစဉ်ကတော့ ပရိသတ် မျှော်လင့်နေကြသော လုံးချောနှင့် ဝဏ္ဏတို့၏ အဓိက စိန်ခေါ်ပွဲကြီးဖြစ်သည်။ ဝဏ္ဏကို အားပေးရန် ရေးမှ ပရိသတ်များ ကားကြီး ကားငယ်ဖြင့် လာရောက်ခဲ့သောကြောင့် လက်ဝှေ့သမားများ ကြိုးဝိုင်းသို့ အလာ၌ပင် လုံးချော၏ ပရိသတ်များနှင့် ဝဏ္ဏ၏ ပရိသတ်များ အားပေးသံချင်း ပြိုင်ဆိုင်နေ ကြသည်။

အမှတ်စဉ်ရေတွက်

လုံးချောက သူ၏ နာမည်ကျော် ညာဖြောင့် လက်သီးဖြင့် ပွဲကိုစသည်။ ဝဏ္ဏက ဘယ် ညာလက်သီးကို ဆင့်၍ ဆင့်၍ထိုးသည်။ လုံးချော၏ ဘယ်ထောက် လက်သီးများ ထိသော်လည်း ဝဏ္ဏက နောက်မဆုတ်ဘဲ လိုက်သည်။ လုံးချော၏ ပတ်ခြေကို ဝဏ္ဏက ပိုက်ဖမ်းပြီး ဖြောင့်ထိုးသည်။ ဝဏ္ဏက ပူးဝင်၍ အပိုင်ထိုးရန် ကြိုးစားသော်လည်း လုံးချောက အပူး မခံဘဲ ထောက်လက်သီးဖြင့် တားရင်း ဆုတ်သည်။ ဒုတိယအချီ ၁မိနစ် ၃၆ စက္ကန့်တွင် ဝဏ္ဏက ညာဖြောင့်ထိုးရန် ငုံ့အဝင် လုံးချောက ညာပင့်လက်သီးဖြင့် တင်လိုက်ရာ ဝဏ္ဏ ပြုတ်ကျသွားသည်။ ချက်ချင်းပြန်ထသော်လည်း ပါးစပ်ထဲမှ သွားက ပြုတ်ကျပြီး ယိုင်ထိုး ယိုင်ထိုးဖြင့် ကြိုးတန်းပေါ် လဲကျသွားသဖြင့် အနားတောင်းလိုက်ရသည်။ ပြန်တည် ထိုးရာ၌လည်း လုံးချော၏ ညာပင့် ထောင်ချောက်ထဲသို့ ရောက်သွားပြန်၍ ဒုတိယအချီ ၁မိနစ် ၄၄စက္ကန့်တွင် လဲကျပြန်သည်။ အသည်းကောင်းသူပီပီထရပ်သော်လည်း ကြိုးဝိုင်းဒိုင် အမှတ်စဉ်ရေသည့်အခါ အမှတ်စဉ် ၈ ၌ အဆင်သင့်မဖြစ်တော့၍ ၁၀အထိ အရေခံရပြီး အရှုံးပေးလိုက်ရတော့သည်။

လုံးချောနိုင်

၂၀၀၇ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ နောက်ပိုင်းတွင် ၁၀ပွဲတိုင် သရေကျခဲ့သော လုံးချောအတွက် နိုင်ပွဲပြန်ရလိုက်ခြင်း ဖြစ်သည်။ ပွဲအပြီးတွင် ညောင်တုန်းမှ လုံးချော၏ ပရိသတ်များက စင်ပေါ်တက်၍ လုံးချောကို ပွေ့ချီထမ်းပိုး ဂုဏ်ပြုကြသည်။ လုံးချောအား ယခုနိုင်ပွဲနှင့်ပတ်သက်၍ မည်သို့ခံစားရသလဲဟု မေးမြန်းရာ **"ဂုဏ်ယူတာပေါ့ဗျာ၊ နိုင်ပွဲမရခဲ့တာကြာတော့ ကျွန်တော့်ပရိသတ်တွေ အားမလို အားမရဖြစ်နေကြတာကို အခုလို နိုင်ပွဲပြန်ယူပေးနိုင်တဲ့အတွက်လည်း ပျော်ပါတယ်"** ဟု ဖြေကြားသည်။ ဩဂုတ် ၁၀ရက်တွင် ရန်ကြီးအောင်နှင့် ထိုးသတ်မည့်ပွဲကိုလည်း အနိုင်ရအောင် အထူးကြိုးစားသွားမည်ဟု ပြောကြားသွားခဲ့သည်။ ။

(မြန်မာ့အလင်း)

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသည်းကောင်းလို့ ပွဲတောင်းသူများပွဲစဉ်-၄ကို လက်ဝှေ့ဝါသနာရှင်များ ဤသို့ တစ်ခဲနက် အားပေးကြည့်ရှုခဲ့ကြသည်။ (မြန်မာ့အလင်း)

A Very Happy

50th GOLDEN WEDDING ANNIVERSARY

wishing to

U Khin Mg Aye

(Justice of the Supreme Court. Retd)

and

Daw Khin Ni (SAT. Retd)

on the 28th July 2008

From

Their 4 Childrens and Families

- Dr. Zeya Aye - Dr. Yadanar Kyaw
- Daw Mar Mar Aye-Lt. Col Kyaw Nyein (Retd)
- Daw Than Than Sein Aye
- Daw Yint Yee Aye - U Khin Mg Aye (Chairman CB Bank)







စက်မှု၊ ကွန်ပျူတာ၊ ဆေးတက္ကသိုလ် ဝင်ခွင့်များကို သင်ပေးနေသော

ဦးဟန်သာ

အဖြူလေး အင်္ဂလိပ်စာ၊ တက္ကသိုလ်ဆရာဟောင်း

၂၀၀၀ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများ ကွန်ပျူတာတက္ကသိုလ် ပထမအကြိမ်ဝင်ခွင့်ဖြေရာတွင် ဝင်ခွင့်ရခဲ့သော ဦးဟန်သာ ကျောင်းသားများ

အောင်ဇော်ဦး C28၊ ဆုမွန်ဝေ C98၊ မေသူသူထွန်း C99၊ နန်းမွန်ဇာသိန်း C350၊ ကောင်းမြတ်တိုး C358၊ သစ်တော် C357၊ မျိုးဇော်ညွန့် C457၊ သီရိရတနာခင် C460၊ နှင်းသူသူလွင် C467၊ နှင်းသန္တာ C548၊ ခိုင်ဆွေငြိမ်းအေး C627၊ ထွန်းလင်းဟန် C756၊ ရဲညီညီလင်း C859၊ ဝင့်ဝါမောင် C860၊ အောင်မိုး C1133၊ စည်သူမင်းနိုင် C1211၊ မောင်ရဲမွန် C1285၊ ကျော်ကိုကို C1322၊ ကျော်ကျော်ဝမ်း C1357၊ မျိုးညွန့်ဦး C1600၊ ခင်မျိုးဆွေ C1615၊ ယဉ်ယဉ်ပိုက် C1617၊ ချမ်းမြငြိမ်း C1689၊ သီရိမိုးမိုး C1731၊ ဖြူဖြူတိုး C1743၊ အောင်မင်းသိန်း C1787၊ အေးသီရိမော် C1789၊ သက်သက်မွန် C1819၊ အိအိခင် C1949၊ စုသက်မြင့် C2156၊

ကွန်ပျူတာတက္ကသိုလ် ဒုတိယအကြိမ်ဝင်ခွင့်ဖြေရာတွင်စံချိန်တင်ဝင်ခွင့်ရခဲ့ကြသူများ

စိုင်းလုံ C24၊ ရဲမင်းသန်း C49၊ နန္ဒာအောင် C64၊ နော်ချယ်ရီမူး C137၊ သီဂီလှိုင် C142၊ စည်သူဝင်း C147၊ နေလင်းအေး C165၊ ဝေဝေမြင့် C192၊ ဒေဝီဦး C208၊ ဆုပိုင်ဆွေ C209၊ ချောစုမွန် C210၊ ဇော်ထက် C215၊ တင်အေးအေးခိုင် C217၊ ပြည့်ဖြိုးသဇင် C218၊ ယဉ်မင်းစိုး C222၊ သဲဝါစိုး C234၊ အိရွှေသွယ် C246၊ ယမင်းအိ C247၊ နှင်းဝေအောင် C248၊ ကြည်ခိုင်ဇော် C249၊ ယဉ်သူဆန်း C250၊ အိသွယ်စိုး C252၊ ကျော်စိုးမိုး C257၊ ဖြိုးကေခိုင် C259၊ ကြည်ကြည်ဝင်း C263၊ စိမ့်စိမ့်ရည် C291၊ စန္ဒာ C310၊ လင်းသီရိခင် C219၊ သီဂီစောလွင် C324၊ ဘိုဘိုကျော် C326၊ ဆွေနွယ်အောင် C330၊ လဲ့လဲ့ဝင်း C345၊ အောင်အောင်ထွဏ်း C350၊ ကျော်ဇေယျာမြင့် C358၊ အောင်မြင့်ဖိုလ် C362၊ ဝင်းဇော်လတ် C363၊ စုစန္ဒာလင်း C370၊ လဲ့ယဉ်ဝင်း C360၊ ခင်နန္ဒာဝင်းတင် C448၊ စိုင်းထွန်းလှိုင် C455၊ နန်းမေစိုးအောင် C461၊ ငွေးသူလွင် C467၊ စုစုလှိုင် C533၊ အိသန္တာစိုး C571၊ သန္တာစိုး C673၊ မျိုးအောင် C699၊ သူဇာအောင် C711၊ နှင်းနန္ဒီနိုင် C714၊ စမ်းစမ်းလွင် C736၊ နေထွန်းလင်း C742၊ သဥ္ဇာအောင်ဝင်း C744၊ အဏ္ဏဝါအောင်ဝင်း C745၊ အောင်ကျော်မြင့် C846၊ ရီမိုးဖြူ C885၊ ချောစုစုအောင် C924၊ အိအိခိုင် C937၊ လင်းပိုင်ထွဋ် C953၊ မေသန္တာထွန်း C961၊ အောင်ပိုင်ငွေး C1069၊ နီလာစိန် C1084၊ ကြူကြူသင်း C98၊ ခင်နေရီဝင်း C410၊ စန္ဒာဝင်း C1027၊ ယုယုခိုင် C141၊ အိအိလှိုင် C680၊ စန္ဒာမောင် C1036၊ နွယ်နီဝင်း C189၊ သီရိထင်ကျော် C702၊ အေးအေးမြတ် C1060၊ မျိုးသက်ခိုင် C286၊ မေခိုင်ခိုင်ဇော် C788၊ ခင်ရွှေစင်ဝင်း C1113၊ လဲ့လဲ့ဝင်း C345၊ သန္တာအေး C844၊ စုစုမာ C1117၊ ဝေမာအောင် C404၊ အေးမင်းစိုး C917၊

ဆေးတက္ကသိုလ်ဝင်ခွင့်လက်ခံပြီ

ကွန်ပျူတာ/နည်းပညာတက္ကသိုလ်(GTC/GTI) ဝင်ခွင့်များ Aug 4 စမည်

ဝင်ခွင့်မေးခွန်းပုံစံများအတိုင်း လိုအပ်သမျှ သင်ပေးပြီး သင်တန်းကြေးကိုလည်း ပညာနဲ့တန်အောင်ယူပါတယ်၊ မိမိသားသမီးများအတွက် ဆရာအရွေးမမှားပါနှင့်။

အမှတ် ၃၄၊ ရန်ကုန် အင်းစိန်လမ်း၊ Cyber Corner အပေါ်ထပ်၊ လှည်းတန်းမှတ်တိုင်အနီး၊ ကမာရွတ်၊ ဖုန်း-၀၉-၅၁၄၆၄၅၂။



ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း ယာဉ်အမှတ် ပမ/၆၇၈၀ (Honda Dream 125 M/C) ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင် ၇/ပမန(နိုင်)၀၉၈၇၀၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပဲခူးတိုင်း(အနောက်ပိုင်း)၊ပြည်မြို့။

ဥတ္တရာသီ တောကိုမှီ၍

မြန်မာ့ရုပ်မြင်သံကြား

၂၈-၇-၂၀၀၈ ရက်
(တနင်္လာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အကပဒေသာ
၇:၅၅ ၅။ **ချစ်သောမြေ ချစ်သောရေ** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ အတီးပြိုင်ပွဲ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အကပြိုင်ပွဲ
၄:၃၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄:၄၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၅ ၈။ အဆိုပြိုင်ပွဲ
၅:၃၀ ၉။ မြန်မာစာ မြန်မာစကား
၅:၄၅ ၁၀။ တေးဂီတအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၅၅ ၁၄။ ပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေး ဒီရေတောများ ဝိုင်းဝန်းထိန်းသိမ်းပေး
၇:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများနှင့်လှည့်ကွက်** (အပိုင်း-၁၅)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့** (အပိုင်း-၁၅)

ထူးကြီးဆရာတော် ဓမ္မဒူတခရီးကြွရောက်

ရန်ကုန် ဇူလိုင် ၂၇

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ရန်ကုန်မြို့၏ နာယကဆရာတော် အင်္ဂပူမြို့နယ် ထူးကြီးမြို့ ဇေတဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသသည် အမေရိကန်နိုင်ငံ နယူးဂျာစီ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁) (MIMC)သို့ ဇူလိုင် ၂၃ရက်ညက လေယာဉ်ဖြင့်ထွက်ခွာသွားရာ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးအောင်နိုင်မြင့်နှင့် အမှုဆောင်များ၊ ဒါယကာ ဒါယိကာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ကြကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အိန္ဒိယနိုင်ငံ အမီဒါဘတ်၌ဗုံးပေါက်ကွဲမှု သေဆုံးသူ၄၆ဦးနှင့်ဒဏ်ရာရသူ၁၆၁ဦးရှိလာ

အမီဒါဘတ် ဇူလိုင် ၂၇

အိန္ဒိယနိုင်ငံအနောက်ပိုင်း အမီဒါဘတ်မြို့တွင် ဇူလိုင်၂၆ရက် ဒေသစံတော်ချိန် ညနေ၃နာရီခွဲခန့်ကစတင်ကာ နေရာခြားပြီး ဗုံးပေါက်ကွဲမှု ၁၂ခုဖြစ်ပွားခဲ့ရာ ၁၅ဦးသေဆုံးပြီး ၅၅ဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ **(မြန်မာ့အလင်း ဇူလိုင်၂၇ ဖောင်ပိတ်သတင်း)**

ဒဏ်ရာရ

အဆိုပါသတင်းနှင့် ပတ်သက်၍ ထပ်မံသိရှိရသည်မှာ အမီဒါဘတ်မြို့၌ ၄င်းနေ့က ပေါက်ကွဲခဲ့သည့် ဗုံးအရေအတွက်ပေါင်းမှာ စုစုပေါင်း ၁၆လုံးဖြစ်ကြောင်း၊ ဗုံးများ ပေါက်ကွဲမှုကြောင့် ဇူလိုင်၂၇ရက် မွန်းလွဲပိုင်းအထိ သေဆုံးသူဦးရေမှာ ၄၆ဦးရှိပြီး ဒဏ်ရာရသူ ၁၆၁ဦးရှိကြောင်းသိရသည်။

၄င်းဗုံးများပေါက်ကွဲမှုမှာ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်စပ်မှုရှိနေသည့် အကြမ်းဖက်သမားများ၏လက်ချက်ဖြစ်သည်ဟု အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

On Line ASEAN ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအကြောင်း သိကောင်းစရာများအတွက် အပတ်စဉ် စနေနေ့ နံနက်၉နာရီ၄၅မိနစ်တွင် ထုတ်လွှင့်လျက်ရှိသည်။

ဆုရရှိသူများ

၂၀၀၈ခုနှစ် ဇူလိုင်လအတွက် အာဆီယံအကြောင်းသိကောင်းစရာများ၏ On Line ASEAN ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဇူလိုင်၂၆ရက် နံနက်ပိုင်းကကျင်းပရာ ဝါသနာရှင်များက On Line မှတစ်ဆင့် ဆက်သွယ်ဖြေဆိုကြသည်။ ဖြေဆိုသူများအနက် ပထမဆုကို ကိုစိုးစံ (စိုးစံဓာတ်ပုံတိုက် ဝါးခယ်မမြို့ ဧရာဝတီတိုင်း)၊ ဒုတိယဆုကို ကိုကျော်လင်းသူ (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝါးခယ်မမြို့ ဧရာဝတီတိုင်း)၊တတိယဆုကို မညွန့်ညွန့်ဝင်း (အမှတ် ၅၇၉ သိန္ဓီလမ်း ၄၀ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်တိုင်း)၊ နှစ်သိမ့်ဆုကို မဥမ္မာငြိမ်းချမ်းဦး(ညောင်ပင်ဈေး ၁လမ်း ဇလွန်မြို့ ဧရာဝတီတိုင်း)တို့က အသီးသီးရရှိကြသည်။

ဆုရရှိသူများအတွက် ချီးမြှင့်ငွေများကို စာတိုက်မှ ပေးပို့သွားမည်ဖြစ်သည်။

ဆက်သွယ်ဖြေဆိုနိုင်

လစဉ်နောက်ဆုံးပတ် စနေနေ့တိုင်းတွင် ကျင်းပပြုလုပ်သော On Line ASEAN ဉာဏ်စမ်းပဟေဠိ အစီအစဉ်အတွက် မေးခွန်းများကို ယင်းနေ့နံနက် ၉နာရီ ၄၅မိနစ်တွင် ထုတ်လွှင့်ပေးမည်ဖြစ်ပြီး ဝင်ရောက်ဖြေဆိုလိုကြသူ ပြည်နယ်၊တိုင်းအသီးသီးမှ ဝါသနာရှင်များသည် အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား On Line ASEAN ဉာဏ်စမ်းပဟေဠိအစီအစဉ်ကို ပြိုင်ပွဲကျင်းပသည့် နံနက် ၁၀နာရီခွဲမှ ၁၁နာရီအတွင်း ဖုန်း-၀၆၇-၇၉၃၅၄နှင့် ၀၆၇-၇၉၃၅၉တို့သို့ ဆက်သွယ်ဖြေဆိုနိုင်ကြကြောင်း သိရသည်။ (သတင်းစဉ်)

အစည်းအဝေးတက်ရောက်ရန် မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၇

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေးကို တက်ရောက်ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ဇူလိုင်၂၈ရက်တွင် ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ်၏ဈေးကွက်နှင့် ငွေကြေးရှာဖွေရေးကော်မတီအစည်းအဝေးနှင့် ဇူလိုင်၂၉ရက်တွင်ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် အမှုဆောင် အစည်းအဝေးတို့သို့ တက်ရောက်မည်ဖြစ်သည်။ (က-ပ)

သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၇

သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိရာ ဇူလိုင်၂၃ရက် ညနေ၃နာရီ၁၅မိနစ်က ပဲခူးတိုင်း ထန်းတပင်မြို့နယ် ကျောက်ကြီးပေါက်ကျေးရွာမှ ဦးအုန်းမောင်၏သား ကိုမြင့်ငွေ အသက်(၃၅)နှစ်သည် တောတွင်းသို့ ဝါးခုတ်ရန်သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ကိုမြင့်ငွေ၏ ညာဘက်ခြေထောက် ခြေချင်းဝတ်ပြတ်ကာ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချမ်းအေးသာစံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ တက္ကသိုလ်နှင့် အခြေခံပညာအဆင့် ကျောင်းသူကျောင်းသားများ ပညာသင်ထောက်ပံ့

မန္တလေး ဇူလိုင် ၁၂

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မန္တလေးတိုင်း(စည်ပင်သာယာနယ်မြေ) ချမ်းအေးသာစံမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ၂၀၀၈-၂၀၀၉ ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီခွဲက ချမ်းအေးသာစံမြို့နယ် မင်္ဂလာဈေး၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၀)ခေါင်းဆောင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် တက်ရောက် အမှာစကား ပြောကြားသည်။ (ဝဲပုံ)

ထောက်ပံ့ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၀)ခေါင်းဆောင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က တက္ကသိုလ်အဆင့်ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင် သာယာနယ်မြေ)ဥက္ကဋ္ဌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပု(ငြိမ်း)နှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးအပ်သည်။

ပေးအပ်

အဆိုပါ ချမ်းအေးသာစံမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ တက္ကသိုလ်အဆင့်တစ်ဦးလျှင် ငွေကျပ်၅၀၀၀ နှုန်းဖြင့် ၈၅ ဦးကိုလည်းကောင်း၊ အထက်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ၃၄ ဦးကိုလည်းကောင်း၊ အလယ်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀နှုန်းဖြင့် ၅၄ဦးကိုလည်းကောင်း၊ မူလတန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၂၇ဦးကိုလည်းကောင်း စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၀၀အတွက် ငွေကျပ် ၇၃သမ၉သိန်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (၃၁၃)

လင်းခေးမြို့နယ် နမ့်တွန်ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

လင်းခေး ဇူလိုင် ၁၆

လင်းခေးခရိုင် လင်းခေးမြို့နယ် နမ့်တွန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၁ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်စိုး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကောပိတတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယရဲမှူးကြီးရှိန်ဝင်းကကျေးရွာအတွက် ရေဒီယိုကက်ဆက်တစ်လုံးကိုပေးအပ်လှူဒါန်းရာကျေးရွာဥက္ကဋ္ဌ ဦးကောပိတက လက်ခံယူသည်။ (ယာပုံ)

လှူဒါန်း

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက စာကြည့်တိုက်အတွက် သုတရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဒေါ်ဝေဝေခိုင်က လက်ခံယူသည်။ ဆက်လက်ပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများက စာအုပ်စာပေများကို တစ်ဦးချင်း လှူဒါန်းကြသည်။

တည်ဆောက်

ထိုနေ့ ဖွင့်လှစ်လိုက်သော လင်းခေးမြို့နယ် နမ့်တွန်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်သည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့နှင့် ကျေးရွာပြည်သူတို့ အင်အားဖြင့် ကျေးရွာရန်ပုံငွေ ကျပ် သုံးသိန်းခွဲ အကုန်အကျခံကာတည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ်မြို့နယ် ကြံ့ခိုင်ရေးရပ်ကွက် စကားဝါလမ်း ကတ္တရာခင်းရန် ကျောက်စုဆောင်းမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မြင့်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

၂၀၀၈-၂၀၀၉ ပညာသင်နှစ်ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၇ ရက်က မောင်တောခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ သဘာပတိ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဌေးက တပ်ဖွဲ့ဝင်မိသားစု သားသမီးများအတွက် သူငယ်တန်းကျောင်းသူ မဖြိုးမြတ်သွယ်အား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ဖလမ်းမြို့လုံးကျွတ် ဝါဆိုသင်္ကန်းဆက်ကပ်

ဖလမ်း ဇူလိုင် ၁၇

ဖလမ်းမြို့လုံးကျွတ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၀ပြည့်နှစ် ဝါဆိုလဆန်း ၁၁ ရက် နံနက် ၉ နာရီက ဖလမ်းမြို့ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာပြုဗဟိုကျောင်း၌ ကျင်းပသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

အဆိုပါ လှူဒါန်းပွဲတွင် ဝါဆိုဝါကပ်တော်မူကြသော ကျောင်းရှစ်ကျောင်းမှ ဝါဆိုရဟန်းတော် ၁၈ပါး၊ သာမဏေ ၂၄ ပါး စုစုပေါင်း ၄၂ပါးတို့အား ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်နယ်မိသားစုများနှင့် ဒေသခံဗုဒ္ဓဘာသာဝင်မိသားစုများ စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ထားဝယ်မြို့ သာယာရေး စုပေါင်းသန့်ရှင်း

ထားဝယ် ဇူလိုင် ၁၀

ထားဝယ်မြို့ သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်က ကြက်စားပြင် ရပ်ကွက်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ လမ်းဘေး ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းမိုးထိုက် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ သီပေါ၌ ကျင်းပ စာစီစာကုံး၊ ကဗျာနှင့် ပညာရည်ချွန်ဆုချီးမြှင့်

သီပေါ ဇူလိုင် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာအမျိုးသမီးများ နေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ကျင်မြက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ယာပုံ)**

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ကျန်းမာရေးအဖွဲ့ခေါင်းဆောင် ခရိုင် ဆရာဝန် ဒေါက်တာရီရီထွေးက အမျိုးသမီးများနှင့်စပ်လျဉ်းသည့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်နုနုအေးက လူကုန်ကူးမှုဆိုင်ရာများကိုလည်းကောင်း၊ မြန်မာအမျိုးသမီးပညာရေးကဏ္ဍကို အထက်တန်းပြဆရာမဒေါ်နန်းညွန့်ညွန့်ရီကလည်းကောင်း၊ အဖွဲ့၏တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်၊ လူမှုရေးရာကိစ္စရပ်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ချယ်ရီလွင်ကလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ပညာရည်ချွန်ဆု ရရှိသူများကို မြို့နယ်အမျိုး သမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြ၊ ခရိုင် ဆရာဝန် ဒေါက်တာရီရီထွေး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်နုနုအေးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး မိတ္ထီလာမြို့၌ ခြင်ဆေးဖျန်း

မိတ္ထီလာ ဇူလိုင် ၁၀

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် အဖွဲ့ပိုင် ခြင်ဆေးဖျန်းစက်ဖြင့် အခြေခံပညာမူလတန်းကျောင်းများ၊ အဖွဲ့ပိုင်မြို့မဈေးနှင့် ရေဆိုးမြောင်းမကြီးတို့တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၁ ရက်က လင်းဇင်းရပ်ကွက် မူလတန်းကျောင်းတွင် လည်းကောင်း၊ ၄ ရက်က အဖွဲ့ပိုင် မြို့မဈေးတွင်လည်းကောင်း၊ ဇွန် ၅ ရက်က မြို့တွင်းရှိရေမြောင်းများ ဆေးဖျန်းခြင်းကိုလည်းကောင်း ကျန်းမာရေးမှူး ဦးသန်းစိုးဦးက ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မိုးမောက်မြို့၌ မိုးစပါးစိုက်ပျိုးရေး ပညာပေးဟောပြော

မိုးမောက် ဇူလိုင် ၁၈

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မြေစာရင်းဦးစီးဌာန စိုက်ပျိုးရေးလုပ်ငန်း ဦးစီးဌာနနှင့် မြို့နယ်စိုက်၊ကြပ်အဖွဲ့တို့ ပူးပေါင်း၍ အထွက်တိုးရှေ့တန်းစခန်း(၁) ဖြစ်သည့် မိုင်းခတ် ကျေးရွာ၌ မိုးစပါးစိုက်ပျိုးရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ရက် နံနက် ၁၀နာရီက ကျင်းပရာတာလီကျေးရွာ၊ မင်းဂျမ်းကျေးရွာ၊ မိုင်းခတ် ကျေးရွာ၊ မြို့သစ်ကျေးရွာ၊ ပန်ချိုးဟိုင်ကျေးရွာများ မှ တောင်သူဦးကြီး ၇၅ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဇန်းမော် ခရိုင်စိုက်ပျိုးရေး လုပ်ငန်းမှ ခရိုင်လက်ထောက်မန်နေဂျာ ဒေါ်မေသစ်က စပါးအထွက်တိုးနည်း ၁၀ ချက်ကိုလည်းကောင်း၊ မိုးမောက်မြို့နယ် စိုက်ပျိုးရေး လုပ်ငန်း မှ မြို့နယ် မန်နေဂျာ ဦးတောက်ထွန်းက ကစီကျွေးခြင်းဖြင့်စပါးအထွက်တိုးတက်ရေး နည်းပညာကိုလည်းကောင်း၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးမျိုးတင့်က ပိုးမွှားရောဂါများကာကွယ်နိုင်ရေးကိုလည်းကောင်း ဆွေးနွေးဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖန်းမော်မြို့ ကမ္ဘာအေးသုခတံတားအတွက် အလှူငွေများပေးအပ်လှူဒါန်း

ဖန်းမော် ဇူလိုင် ၂၄

ကချင်ပြည်နယ် ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက် ကမ်းနားရိပ်သာ နန္ဒဝန်ကျောင်း၌ တည်ဆောက်လျက်ရှိသော အရှည်ပေ ၂၀၀ကျော်ရှိ ကမ္ဘာအေးသုခ သံကူကွန်ကရစ် တံတားကြီးအတွက် ဗဟန်းမြို့နယ် အာဇာနည်လမ်း အမှတ် ၅၈ ကွမ်ရင်စီ တရုတ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနေ ပဓာန နာယကဆရာတော် ဦးအာစာရက အလှူငွေကျပ် ၃၂သိန်း ပေးအပ်လှူဒါန်းရာ ဆရာတော် ဦးနန္ဒောဘာသကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးထွန်းအိက လက်ခံယူသည်။ **(အပေါ်ပုံ)**

လှူဒါန်းနိုင်

အဆိုပါ တံတားကြီးအတွက် လှူဒါန်းလိုသူများ ဆရာတော် ဦးနန္ဒောဘာသ ဖုန်း-၀၇၄-၅၀၇၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရွှေတောင်အဆင့်မြင့် ချည်/ ထည်/ ချောစက်ရုံမိသားစု အနေကဇာတင်လှူပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူ

ရွှေတောင် ဇူလိုင် ၂၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ မိသားစု၏ သတ္တမအကြိမ် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် ပဥ္စမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၇ရက် နံနက် ၉နာရီခွဲက စက်ရုံနယ်မြေ ဝိဇယမင်္ဂလာ ဓမ္မာရုံတော်ကြီး၌ ကျင်းပရာ ရွှေတောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂဝံသအမှူးပြုသော ပင့်သံဃာ ၁၁ပါးတို့က ဓမ္မာရုံတွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ရွှေကြာသင်္ကန်း

အခမ်းအနားတွင် တိလောကာရုံ ကျောင်းတိုက်ဆရာတော် ဦးနန္ဒိယထံမှ ကိုးပါးသီလခံယူကြကာ စက်ရုံမှူး ဦးဇော်ဝင်းမောင်နှင့် ဇနီးဒေါ်မြင့်မြင့်အေးတို့က ရွှေကြာသင်္ကန်း၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းပြီး**(အပေါ်ယာပုံ)** စက်ရုံမှူးက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

သင်္ကန်းဆက်ကပ်

ထို့နောက် တက်ရောက်လာသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး တိလောကရုံကျောင်းတိုက် ဆရာတော် ဦးနန္ဒိယထံမှ သာဓုအနုမောဒနာတရား နာယူကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆင်ပေါင်ဝဲမြို့ ရေပေးရေးဆောင်ရွက်

ဆင်ပေါင်ဝဲ ဇူလိုင် ၁၂

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးအတွက် အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ဇွန်၃၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပွန်တွန်းစက်ဝိုင်ယာကြိုးနှင့် ပိုက်ဆက်များ ပြုပြင်မှုကို အမှုဆောင်အရာရှိ ဦးအောင်ရွှေ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖြူးမြို့၌ အမက ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ဖြူး ဇူလိုင် ၁၂

ဖြူးမြို့နယ် ထန်းကုန်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၅ ရက်က အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပသည်။

ရေးဦးစွာ ကျောင်းဆောင်သစ်ကို ဖြူးမြို့ ရွှေကျင်တောင်ကျောင်း တိုက်အုပ်ဆရာတော် ဦးဥတ္တရ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် အလှူရှင်ဒေါ်တင်တင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် အလှူရှင် ဒေါ်တင်တင်ဝင်းက ကျောင်းဆောင်သစ် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး လက်ထောက် ပညာရေးမှူးဦးထိန်ဝင်းထံ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင် ကျောင်းတိုက် နဂါးနှစ်ကောင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသီရိအားအမှူးထား၍ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ဇူလိုင်၂၀ရက်က မြို့နယ်ဓမ္မာရုံ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအားဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

မြေပုံမြို့မဈေး ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းဆောင်ရွက်

မြေပုံ ဇူလိုင် ၁၆

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး သန့်ရှင်းသာယာလှပရေးနှင့် ဈေးအတွင်းအပြင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်မှုကို ဇူလိုင် ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရှင်းလင်းဆွေးနွေး

စစ်တွေ ဇူလိုင် ၂၄

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝေသည် ဇူလိုင် ၁၆ ရက် နံနက် ၁၀နာရီက စစ်တွေခရိုင်ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးဝေက ခရိုင်ဦးစီးအရာရှိ ဦးမောင်ကျော်ဦးနှင့် ဝန်ထမ်းများအား ဦးစီးဌာန၏ လုပ်ငန်းတာဝန်(၁၂)ရပ်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာအောင် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပုသိမ်မြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ကမ်းနားလမ်းနှင့် ရွှေစေတီလမ်းထောင့်ရှိ(Box Culvert)ပြုလုပ်ခြင်းကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ဇွန် ၂၈ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ရပ်ကွက်နေ ပြည်သူများ ပူးပေါင်း၍ ရွှေ လက် လှ ရပ်ကွက်၊ ဝါရုံလမ်းနှင့် စာကုန်သည်လမ်းတို့တွင် ရေနုတ်မြောင်း တူးဖော်ပြီး သွေးလွန်တုပ်ကွေးကာ ကွယ် ရေး အတွက် အဖွဲ့ပိုင်စက်ဖြင့် ခြင်ဆေးဖျန်းခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ချုံနွယ်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖခင်အမည်မှန်

မြိတ်မြို့ အထက(၂) ပဥ္စမတန်း(B)မှ မောင်ညီညီငွေးနှင့် နဝမတန်း(E)မှ မဇင်မာငွေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်ထွေး ဖြစ်ပါကြောင်း။ **(ဖခင်)ဦးကျော်ထွေး။**

အမည်မှန်

အဖ ဦးအားလန်၏ သမီး ကျိုင်းတုံမြို့ အထက(၂) ပဥ္စမတန်း (ခ)မှ မစုစန္ဒီအောင်၏ အမည်မှန်မှာ မစုဇာနည်အောင်ဖြစ်ပါသည်။

မစုဇာနည်အောင်။

အမည်ပြောင်း

အဖ ဦးတင်ညွှန့်၏သား မုဒုံမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း (A) မှ မောင်ရှိုင်းဝေထွန်းအား ယနေ့မှ စ၍ မောင်လွင်မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လွင်မင်းခန့်။

အမိုးကိုင်းရောင်းမည်

Townace အမိုးကိုင်း ပတ်ကားမိုး၊ ပရက်ကူရှင် ဖြသိန်းခွဲ။

ဖုန်း-၇၂၈၆၃၉၊ ၀၉-၅၁-၄၉၆၈၉။

စက်ကြီးပန်းထိုးသည် သင်တန်းသားလက်ခံသည်

တိုက် ၁၁၊ D3၊ မဟာမြိုင်အိမ်ရာ ဦးဝိစာရလမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

ဖုန်း-၅၈၆၉၁၂။

ညောင်တုန်းအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းအလှူ

မြို့နယ်ဖွားများ အားလုံးသို့

၁။ ဆရာတော်ကြီး ၁၆ ပါး
၂။ ၃-၈-၂၀၀၈ရက်(တနင်္ဂနွေနေ့)
၃။ မွန်းလွဲ ၂ နာရီ(၁၄:၀၀နာရီ)
၄။ ဧရာဝတီတိုင်း ဓမ္မာရုံ ၂၁/၄၃(စီ)၊ ကြားတောရလမ်း၊ ဘုရားကြီးအရှေ့ဘက်မုခ်၊ ဗဟန်း။

အမှုဆောင်အဖွဲ့။





လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

အသည်းကောင်းလို့ ပွဲတောင်းလာသည့် ဝဏ္ဏကို လုံးချောက ညာပင့်လက်သီးဖြင့် ပွဲသိမ်းလိုက်သော စူပါကြွေကာ မြန်မာပြည်ချန်ပီယံစိန်ခါးပွဲ

ဇင်လင်းထွန်း(နေဖြူ)၏ သတင်းဆောင်းပါး စာ-၁၃

သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲ၊ မုန်တိုင်းတိုက်ခတ်မှု၊ မီးတောင်ပေါက်ကွဲမှု၊ ငလျင်လှုပ်မှုစတဲ့ သဘာဝဘေးအန္တရာယ်များကျရောက်နိုင်၊ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် ထုတ်လွှတ်မှုလျှော့ချပြီးဒီရေတောများတိုးပွားအောင်ဆောင်ရွက်ရမည်

မိုးမြင့်လင်းလက်၏ သတင်းဆောင်းပါး စာ-၁၁

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

လက်ရုံးများမြောင် ဉာဏ်များမြောင်ဖြင့် (၂)

ကိုယ့်လက်ကိုယ့်ခြေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းပြီးကိုယ့်အသိုက်အမြုံကို ပြန်လည်ထူထောင်မယ်ဆိုတဲ့ ခံယူချက်မျိုး ရှိကြတာဟာ အလွန်ပဲ အထင်ကြီးလေးစားစရာ ကောင်းပါတယ်။ ဒီလိုစိတ်ဓာတ်ခွန်အားနဲ့ ခံယူချက်အသိ မြင့်မားကြသူတွေဖြစ်တဲ့အတွက် နိုင်ငံတော်အပါအဝင် ပြည်တွင်းပြည်ပ အလှူရှင်များရဲ့ ကူညီလှူဒါန်း ပံ့ပိုးမှုတွေနဲ့ ပေါင်းလိုက်တဲ့အချိန်မှာ ဒေသတစ်ခုလုံးဟာ ချက်ချင်းကို နိုးထသက်ဝင်လှုပ်ရှားလာခဲ့တာပါပဲ။

ကျော်ရဲမင်း၏ဆောင်းပါး စာ-၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။